The Essence

mgyoe.com

# အိပ်မက်တွေက စတဲ့လမ်း

အောင်စည်သာ-မြန်မာပြန်

## THE SUCCESS JOURNEY


THE PROCESS OF LIVING YOUR DREAMS

**John C.Maxwell**

mgyoe.com

mgyoe.com

အောင်မြင်မှုဆိုတာဟာ ခရီးဆုံးကို ရည်ရွယ်ပြီးသွားတာမဟုတ်ပါဘူး။
အောင်မြင်မှုမှာ ရောက်ရမယ့်နေရာဆိုတာ မရှိဘူး။
အောင်မြင်မှုဟာ အစဉ်အမြဲတိုးတက်နေဖို့ပဲ ရှိပါတယ်။
ပျော်ရွှင်မှု၊ ပန်းတိုင်၊ ခရီးဆုံး၊ ငွေကြေး ဘာတစ်ခုမှအောင်မြင်မှုကို
အပြည့်အဝကိုယ်စား မပြုနိုင်ပါဘူး။
တစ်နေရာကိုရောက်မှ အောင်မြင်မှုမဟုတ်လို့ သင့်အမြဲတမ်းအောင်မြင်နိုင်ပါတယ်။
အောင်မြင်မှုဟာ မရပ်မနားသွားရမယ့် ခရီးစဉ်တစ်ခုပါ။
အောင်မြင်မှုဟာ မိမိရဲ့ အလားအလာနဲ့ပြိုင်နိုင်ခြေကို
အဆက်မပြတ်မြှင့်တင်နေခြင်းပါပဲ။
ကဲ သင့်ရဲ့ အောင်မြင်ခြင်းခရီးစဉ်ကို စလိုက်ရအောင်။



AST00019
2,300.00 KS

mgyoe.com


| | | |
|---|---|---|
| မျက်နှာဖုံး | - | အမ်အက်စ်အို |
| ထုတ်ဝေသူ | - | ဦးစန်းဦး(မြဲ-၀၃၈၂၃)၊ |
| | - | စိတ်ကူးချိုချိုစာပေ၊ ၈၅၊ ၁၆၄ လမ်း၊တာမွေ။ |
| ပုံနှိပ်သူ | - | ဒေါ်ဝင်းမာ(မြဲ-၀၉၇၃၃)၊ စိတ်ကူးချိုချို |
| | - | ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။ |
| စာအုပ်ချုပ် | - | ဦးမြင့်၊ ညီဝင်းမြင့် |

[illegible]

အောင်စည်သာ
အိပ်မက်တွေက စတဲ့လမ်း / - ရန်ကုန်။
စိတ်ကူးချိုချိုစာပေ၊ ၂၀၁၈။
စာမျက်နှာ ၁၉၉ မျက်နှာ၊
၁၃ စင်တီ× ၁၈.၅ စင်တီ
(၁) အိပ်မက်တွေက စတဲ့လမ်း


mgyoe.com

mgyoe.com

## မာတိကာ


အခန်း(၁) သင်ဘယ်ကိုသွားနေသလဲဆိုတာသာသိရင် ခရီးလမ်းက ပျော်ဖို့ကောင်းတယ် ... ၁

**သင့်ရဲ့ရည်ရွယ်ချက်ကို သိပါစေ**

အခန်း(၂) ဘယ်ကိုသွားချင်တာပါလဲ ၂၅

အခန်း(၃) ဘယ်လောက်ဝေးဝေးသွားနိုင်သလဲ ၄၈

အခန်း(၄) လမ်းပြမြေပုံကို ဘယ်မှာရှာရမလဲ ၆၇

**သင့်ရဲ့ အမြင့်မားဆုံး၊ အဖြစ်နိုင်ဆုံး အလားအလာရှိရာသို့ တိုးတက်လျှောက်လှမ်းခြင်း**

အခန်း(၅) မိမိရဲ့သေတ္တာထဲ ဘာတွေထည့်ခဲ့ရမလဲ အောင်မြင်ခြင်းခရီးစဉ်ထွက်ဖို့ပေါ့ ၉၁

အခန်း(၆) လမ်းလွှဲတွေကို ဘယ်လိုကိုင်တွယ်မလဲ ၁၁၄

အခန်း(၇) မရောက်သေးဘူးလား ၁၃၉


mgyoe.com

mgyoe.com

အခြားလူတွေကို အကျိုးပြုဖို့ မျိုးစေ့ချ အပင်ပျိုးခဲ့ပါ
အခန်း(၈) ဒါဟာ မိသားစုခရီးစဉ်လား ၁၅၉
အခန်း(၉) ဘယ်သူ့ကိုပါ ခေါ်ခဲ့ရမလဲ ၁၇၁
အခန်း(၁၀) ခရီးစဉ်တစ်လျှောက် ဘာတွေလုပ်သင့်သလဲ ၁၈၇
နောက်ဆက်တွဲ ၁၉၄

❖

mgyoe.com

mgyoe.com

# အခန်း (၁)
# သင်ဘယ်ကိုသွားနေသလဲဆိုတာသာသိရင် ခရီးလမ်းက ပျော်ဖို့ကောင်းတယ်

လူတိုင်းနီးပါးအောင်မြင်မှုကို အဓိပ္ပာယ်ဖွင့်ဆိုဖို့ ခက်ခဲတယ်ဆိုတာကို ကျွန်တော်တွေ့ရှိခဲ့တယ်။ ဒါပေမဲ့ အောင်မြင်မှုဆိုတာ ဘာလဲ သင်မသိဘဲနဲ့ အောင်မြင်မှုကို သင်ဘယ်လိုရယူနိုင်မှာပါလဲ။ အဲဒါကြောင့် သင့်ရဲ့အောင်မြင်မှုဆိုတာကို အဓိပ္ပာယ်ဖွင့်ဆိုခြင်းမှာ ကျွန်တော်ပါဝင်ကူညီချင်ပါတယ်။ အောင်မြင်မှုဆိုတာ တကယ်တော့ အမြဲတမ်းသွားနေရမယ့် ခရီးတစ်ခုသာ ဖြစ်ပါတယ်။

၁၉၈၅ ခုနှစ်က တည်ထောင်ခဲ့တဲ့ ခေါင်းဆောင်နှုန်းတစ်ကိုယ်ရေဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဘာသာရပ်တွေကို သင်ကြားတဲ့ကျွန်တော့်ရဲ့ ကုမ္ပဏီတစ်ခုဖြစ်တဲ့ INJOY ရဲ့ ဝန်ထမ်း '၇၄' ယောက်ရှေ့မှာ ကျွန်တော်တို့ ကုမ္ပဏီဟာ အခုအခြေစိုက်တဲ့ အန်ဒီယေဂိုမြို့၊ ကာလီဖိုးနီးယားပြည်နယ်ကနေ၊ ဂျော်ဂျီယာပြည်နယ် အတ္တလန္တာကို ပြောင်းမယ်ဆိုတဲ့သတင်းစကားကို လွန်ခဲ့တဲ့ လအနည်းငယ်က ကျွန်တော်ပြောခဲ့ပါတယ်။

mgyoe.com

mgyoe.com

အဲဒီလိုမပြောခင် အဲဒီလိုပြောင်းဖို့ ဆုံးဖြတ်ချက်ကိုချဖို့ ခြောက်လလောက် အချိန်ယူခဲ့ပါတယ်ဆိုတာပါပဲ။ INJOY ရဲ့ ဥက္ကဋ္ဌ ဒစ်(ခ်) ပီတာဆန်နဲ့ ကျွန်တော်နဲ့ ဘာတွေဖြစ်လာနိုင်သလဲဆိုတဲ့ မေးခွန်းတွေ မြောက်မြားစွာနဲ့ ဒီအတွေးကို အကောင်အထည်ဖော်ခဲ့ပါတယ်။ ပြီးတော့ အကောင်း အဆိုးချိန်ထိုးပြီး ကျွန်တော်တို့ရဲ့ ဘဏ္ဍာရေးဒါရိုက်တာကို ငွေကြေးဆိုင်ရာ ဆန်းစစ်မှုအချို့ ပြုလုပ်ခိုင်းလိုက်ပါတယ်။ နောက်ဆုံးတော့ စီးပွားရေးအရရော၊ သယ်ယူပို့ဆောင်ရေးအရရော၊ ကျွမ်းကျင်မှုအရပါ ပြောင်းသင့်မယ်ဆိုတဲ့ အဖြေထွက်လာခဲ့တယ်။ ကုမ္ပဏီတစ်ခုခုရယ် မဟုတ်ပါဘူး။ လူတစ်ဦးချင်းစီမှာလည်း ခုကိုယ်ရောက်နေတဲ့ အဆင့်ရဲ့ နောက်တစ်ဆင့်ကို တိုးတက်ချင်တယ်၊ ကြီးပွားချင်တယ်ဆိုရင် ကျွန်တော်တို့ ပြောင်းလဲရမယ်ဆိုတာကို သိပြီးသားပါ။

ပြောရရင်တော့ အဲဒီဆုံးဖြတ်ချက်ဟာ သိပ်ခက်ခဲတဲ့ဆုံးဖြတ်ချက်ပဲ၊ အန်ဒီယေဂိုကနေပြောင်းဖို့ ကျွန်တော်ဘယ်တုန်းကမှ မစဉ်းစားခဲ့ဖူးဘူး။ အင်ဒီယာနားကနေ လင်မယားနှစ်ယောက်သား ဒီမြို့ကို ပြောင်းလာပြီးကတည်းက ကလေးတွေလည်း ဒီမှာပဲမွေး၊ ဒီမှာပဲကြီးပြင်းနဲ့ အန်ဒီယေဂိုဟာ ကျွန်တော့်အိမ်လို ဖြစ်နေပါပြီ။ ဘာပဲဖြစ်ဖြစ် ပိုကြီးမားတဲ့ အောင်မြင်မှုအတွက် ဒါကိုလည်း စွန့်လွှတ်ရမှာပါပဲ။ ပိုဆိုးတာက ကျွန်တော်ရဲ့ ဝန်ထမ်းတွေပါ။ ဝန်ထမ်းအများစုက အန်ဒီယေဂိုဇာတိတွေဖြစ်ကြပြီး သူတို့ကို ဒီက မပြောင်းစေမယ့် ဖိအားများစွာရှိနေပါတယ်။ အဲဒီလိုနဲ့ အဲဒီဆုံးဖြတ်ချက်ကို ပြောလိုက်တဲ့အချိန်ကို မျက်လုံးထဲကကို မထွက်ပါဘူး။ တစ်ယောက်တစ်မျိုးစီ အံ့သြ၊ စိတ်ပျက်၊ ဝမ်းနည်း၊ ထိတ်လန့်တဲ့ အမူအရာတွေနဲ့ သူတို့ ခေတ္တ ဆွံ့အသွားခဲ့ကြပါတယ်။

ပြီးတော့ အတ္တလန္တာရဲ့ အခြေအနေကို ဗီဒီယိုအချို့နဲ့ ပြသရင်း ရှင်းလင်းပြောကြားပါတယ်။ သူတို့ အတ္တလန္တာကိုပြောင်းပြီးတာနဲ့

mgyoe.com

mgyoe.com


အလုပ်ရမယ်ဆိုတဲ့ အကြောင်းလည်း ဆက်ပြောပါတယ်။ အဲဒီလိုနဲ့ ကျွန်တော်နဲ့ ဉက္ကဋ္ဌတို့နှစ်ယောက်မိနစ် ငါးဆယ်လောက် ပြောင်းဖို့ရွှေ့ဖို့ ပြောပြီးတဲ့အချိန်မှာ အတ္တလန္တာက ခေါ်လာခဲ့တဲ့ အိမ်ခြံမြေအကျိုးဆောင် နှစ်ယောက်နဲ့ မိတ်ဆက်ပေးပြီး သူတို့စိတ်ထဲရှိတာတွေကို မေးစေခဲ့ပါ တယ်။

## ခရီးစဉ်တွင်လိုက်ပါဖို့ သဘောတူကြခြင်း

ကျွန်တော်တို့ဝန်ထမ်းတွေဆီက ဘယ်လိုတုံ့ပြန်မှုမျိုးလာမယ်ဆို တာ မခန့်မှန်းတတ်ခဲ့ပါဘူး။ သူတို့ဘဝကို အကြီးအကျယ်ပြောင်းလဲစေ မယ့် အဓိက အပြောင်းအရွှေ့တစ်ရပ်ကို ကျွန်တော်တို့အဆိုပြုခဲ့တယ်။ အံ့သြဖို့ကောင်းတာက ကျွန်တော်တို့ ဝန်ထမ်းတွေရဲ့ ၉၀ ရာခိုင်နှုန်းကျော် ထံက ပြောင်းမယ်ဆိုတဲ့ လူတွေနဲ့ အနည်းဆုံးတော့ ပြောင်းလဲဖို့ စဉ်းစား မယ်ဆိုတဲ့ လူတွေချည်းဖြစ်နေတာကို တွေ့ရတာပါပဲ။ သူတို့ခရီးစဉ်မှာ လိုက်ပါချင်ကြပါတယ်။

သူတို့ရဲ့ ထူးဆန်းတဲ့အပြုအမူဟာ ကျွန်တော့်ကို အတွေးတွေများ စေပါတယ်။ ဘာလို အဲ့လောက်အများကြီးက သူတို့ရဲ့မိသားစု၊ သူတို့ရဲ့ သူငယ်ချင်း၊ သူတို့ရဲ့မွေးရပ် ပတ်ဝန်းကျင်ကို ခွဲခွာပြီး တစ်နေရာနဲ့တစ် နေရာ ဘာလို့ပြောင်းချင်တာလဲလို့ပေါ့။ နောက်ဆုံးတော့ အကြောင်းပြ ချက် လေးခုကို သွားတွေ့ပါတယ်။

**၁။ ကျွန်တော်တို့ သူတို့ဘယ်ကိုသွားနေတယ်ဆိုတဲ့ ပုံရိပ်ကို ကောင်းစွာဟော်ပြပေးခဲ့တယ်။**

အိမ်ခြံမြေအကျိုးဆောင်နှစ်ယောက်၊ နစ်(ခ်)နဲ့ကျွန်တော်တို့ရဲ့ ပြော စကားတွေဟာ ဝန်ထမ်းတွေအတွက် အတ္တလန္တာမှာ ဘယ်လိုဖြစ်မလဲ ဆိုတဲ့ အနာဂတ်ရဲ့ ပုံရိပ်တွေပါပဲ။ ကောင်းတဲ့အရပ် ပတ်ဝန်းကျင်၊

mgyoe.com

mgyoe.com


ပိုပြီးကြီးမားကျယ်ပြန့်တဲ့လူဦးရေ၊ သူတို့ဘ၀ရဲ့အရည်အသွေးကို တိုးတက်စေမယ့်အခွင့်အရေးနဲ့ ကုမ္ပဏီကို နောက်တစ်ဆင့်မြှင့်တင်နိုင်မယ့် အခွင့်အလမ်းတွေကို သူတို့တွေ့မြင်သွားနိုင်ခဲ့တယ်။

**၂။ ကျွန်တော်တို့ သူတို့မေးခွန်းတွေကို ဖြေခဲ့တယ်။**

အဲဒီလိုကြီးမားတဲ့ အပြောင်းအလဲဟာ လူတွေကို မလုံခြုံမှု၊ စိုးရိမ်မှုတွေနဲ့ မေးခွန်းပေါင်း မြောက်များစွာထွက်ပေါ်လာစေတာ အမှန်ပါပဲ။ ရုံးခန်းကဘယ်မှာလဲ၊ ကျောင်းတွေကရော ဘယ်လိုလဲ၊ အိမ်ခြံမြေဈေးကွက်၊ ယဉ်ကျေးမှုနဲ့ အပန်းဖြေစရာတွေ၊ အဲဒီပြည်နယ်ရဲ့ အခွန်စနစ်စတာတွေကို ပေးကြတယ်။ ပထမဆုံး အစည်းအဝေးမှာပဲ အဲဒီမေးခွန်းတွေအားလုံးနီးပါးကို ကျွန်တော်တို့ ဖြေနိုင်ခဲ့ပါတယ်။

**၃။ သူတို့ရဲ့ဘ၀မှာ တစ်ကိုယ်ရေအောင်မြင်မှုကို ခံစားခဲ့ကြဖူးတယ်။**

INJOY ဟာ အဖွဲ့တစ်ခုအနေနဲ့ကတော့ အောင်မြင်မှုတွေရခဲ့ပါတယ်။ အဖွဲ့ထဲမှာ ပါဝင်တဲ့ လူတွေရောပေါ့။ သူတို့ဟာ ကုမ္ပဏီရဲ့ အောင်မြင်မှုအတွက် တာဝန်ရှိခဲ့ရုံမက အောင်မြင်မှုရဲ့ အသီးအပွင့်တွေကိုလည်း ခံစားခဲ့ရတယ်။ သူတို့မှာ ရည်ရွယ်ချက်ဆိုတဲ့ အသိစိတ်ရှိခဲ့ပါတယ်။ သူတို့ တစ်ကိုယ်ရည်အဆင့်မှာလည်း အမြဲတိုးတက်နေကြတယ်။ ပြီးတော့ သူတို့လူတွေကိုလည်း ကူညီနိုင်ခဲ့တယ်။

**၄။ သူတို့ အခြားဘယ်မှာမှမရတဲ့ ထူးခြားတဲ့ပုံစံကို ဒီကုမ္ပဏီနဲ့ ဆက်လက်ရယူလိုကြတယ်။**

အပြောင်းအရွှေ့ကို မကြော်ငြာခင် ရက်သတ္တပတ်အနည်းငယ်မှာ ကျွန်တော်တို့ရဲ့ဝန်ထမ်းတစ်ယောက်က INJOY မှာလုပ်ရတာ လူတွေကို များစွာကူညီနိုင်တဲ့အကြောင်း၊ အခြားဘယ်ကုမ္ပဏီမှာမှ ဒီလိုမျိုး

mgyoe.com

mgyoe.com


မကြုံရနိုင်ကြောင်း ပြောနေတာကို ကြားခဲ့ရပါတယ်။ တစ်စုံတစ်ယောက်က သူ့ရဲ့ ထူးခြားမှုကို သိရှိသွားတာနဲ့ လက်မလွှတ်ချင်သလို အဆုံးရှုံးလည်း မခံချင်ကြတော့ပါဘူး။ သူတို့ရဲ့ဘဝမှာ ထူးခြားတဲ့အရာတွေက သူတို့ရဲ့ အမြင်နဲ့ ဦးစားပေးအရာတွေကို ပြောင်းလဲစေခဲ့ပါတယ်။

ဟုတ်ပါပြီ သင့်ရဲ့ဝန်ထမ်းတွေကတော့ ပြောင်းချင်တာဟုတ်ပါပြီ။ ကဲ ကျွန်တော်က မပြောင်းချင်ဘူးဆိုပါတော့ ကျွန်တော်ကဘာလုပ်ရမှာလဲ။ ကျွန်တော်အတွက်ရော အောင်မြင်မှုဆိုတဲ့ အဓိပ္ပာယ်သတ်မှတ်ချက်က ဘာပါလဲ။ သင်မသွားချင်ဘူးဆိုတာလည်း ဖြစ်နိုင်ပါတယ်။ ဒါဟာလဲ သင့်ရဲ့ခရီးစဉ်ပါပဲ။ သင်ကျွန်တော်တို့နဲ့အတူ မဟုတ်တဲ့၊ ကျွန်တော်တို့ထက်ပိုဝေးတဲ့၊ ပိုနီးတဲ့၊ ခရီးစဉ်ကို သင်ဖန်တီးနိုင်ပါတယ်။ အဲဒီခရီးစဉ်က သင်အိပ်မက်ထားတာထက်၊ သင်မျှော်မှန်းထားတာထက်တောင် ပိုပြီး သင့်ကို ခေါ်ဆောင်သွားနိုင်ပါတယ်။ အဲဒီလိုဖြစ်ဖို့ဆိုရင် သင့်မှာ ကျွန်တော့်တို့ INJOY ဝန်ထမ်းတွေမှာ ရှိခဲ့သလိုမျိုး အထက်ပါအကြောင်းပြချက် လေးမျိုးတော့ ရှိရပါမယ်။ သင်ဘယ်ကိုသွားနေသလဲဆိုတဲ့ ပုံရိပ်၊ သင့်ရဲ့အောင်မြင်မှုအတွက် မေးခွန်းနဲ့အဖြေတွေ၊ အောင်မြင်မှုဆိုတာဘာလဲဆိုတဲ့ ဗဟုသုတနဲ့ တိုးတက်ဖို့ပြောင်းလဲနိုင်တဲ့ အစွမ်းသတ္တိတွေပါ။

"အောင်မြင်မှုဆိုတာ လူတိုင်းအတွက်ပါ။"

* * *

mgyoe.com

mgyoe.com


## အောင်မြင်မှုရဲ့ သမားရိုးကျရုပ်ပုံလွှာ

အောင်မြင်ချင်တဲ့လူတွေရဲ့ပြဿနာက အောင်မြင်မှုကို မဆောင်ကျဉ်းနိုင်တာမဟုတ်ပါဘူး။ သူတို့အတွက် အဓိကအတားအဆီးက သူတို့အောင်မြင်မှုဆိုတာကို တလွဲအဓိပ္ပာယ်ပေါက်နေကြတာပါ။ အောင်မြင်မှုနဲ့ပတ်သက်တဲ့ အကြီးမားဆုံးအဓိပ္ပာယ်ပေါက်မှုအလွဲက အောင်မြင်မှုဆိုတာ ပါရမီရှိရမယ်၊ ဉာဏ်ကြီးရမယ်၊ မျက်လှည့်ဆန်တယ် သို့မဟုတ် ကိုယ်တွေမှာမရှိတဲ့အရာလို့ ထင်မြင်နေတတ်ကြခြင်းပါပဲ။

အောင်မြင်မှုဆိုတာဘာလဲ အောင်မြင်ဆိုတာ ဘာနဲ့တူလဲစတဲ့ မေးခွန်းတွေနဲ့ပတ်သက်လို့ လူတွေမှာ အဖြေမှားတွေရှိကြတယ်။ သူတို့ကတော့ အောင်မြင်မှုဆိုတာနဲ့ အောက်ပါလူတွေနဲ့ သူတို့ရဲ့ ပိုင်ဆိုင်မှုတွေကို မြင်ကြတယ်။

- ဘီလ်ဂိတ်ရဲ့ချမ်းသာမှု
- အာနိုး(လ်)ရဲ့ခန္ဓာကိုယ်
- အိုင်စတိုင်းရဲ့ဉာဏ်ရည်
- မိုက်ကယ်ဂျော်ဒန်ရဲ့အားကစားစွမ်းရည်
- ဒေါ်နယ်(လ်)ထရမ့်ရဲ့စီးပွားရေးပါဝါ
- ဂျက်ကီကနေဒီရဲ့ လူချစ်လူခင်ပေါမှု
- ဝေါ့(လ်)(တ်)ဒစ္စနေးရဲ့ဖန်တီးမှု
- မာသာထရီဆာရဲ့နှလုံးသား စတာတွေပါပဲ။

အဲဒီအတွေးအခေါ်ဟာ အောင်မြင်မှုနဲ့နီးစပ်ပါတယ်။ ကျွန်တော်တို့က အောင်မြင်မှုတွေဟာ အခြားလူတွေကို အဲဒီအပေါ်ကလူတွေလိုဖြစ်ရမယ်လို့ ယုံကြည်နေကြတယ်။ ဒါပေမဲ့ ကျွန်တော်တို့ဟာ ကျွန်တော်တို့ကိုယ်တိုင်ထက်ပိုပြီး အပေါ်ကတစ်ယောက် ဘယ့်နှယ်ဖြစ်နိုင်မှာပါ

mgyoe.com

mgyoe.com


လဲ။ သင်ဖြစ်လည်း မဖြစ်ချင်သင့်ပါဘူး။ အဲဒါဟာ အရေးကြီးပါတယ်။ သင့်သူများနဲ့တူဖို့ ကြိုးစားနေပြီဆိုရင် သင်မအောင်မြင်နိုင်တော့ပါဘူး။ သင်ဖြစ်ချင်တဲ့အလားအလာကို သင်ကိုယ်တိုင် ရိုက်ချိုးမိသလို ဖြစ်သွားပါလိမ့်မယ်။

* * *

## အောင်မြင်မှုရဲ့ ပုံစံအလွဲများ

လူတွေဟာ အောင်မြင်တဲ့သူတွေနဲ့ တူချင်တဲ့ ထောင်ချောက်တင် မဟုတ်ပါဘူး။ သူတို့က အောင်မြင်မှုလို့မြင်နေတဲ့ အောင်မြင်မှုဟန်ဆောင်နေတဲ့ ပုံရိပ်အလွဲတွေရှိပါတယ်။ ဒါကိုလည်း ကျွန်တော်တို့ရဲ့ အောင်မြင်မှုရှာဖွေခြင်းမှာ ရှောင်ရှားနိုင်ရပါမယ်။

### ချမ်းသာကြွယ်ဝမှု

လူတိုင်းနားလည်တဲ့အောင်မြင်မှုက ချမ်းသာကြွယ်ဝမှုဆိုတာပါ။ လူတော်တော်များများက သူတို့ချမ်းသာရင် အောင်မြင်ပြီလို့ ထင်ကြတယ်။ ဒါပေမဲ့ ချမ်းသာကြွယ်ဝမှုဟာ အောင်မြင်မှုလည်း မဟုတ်သလို ကျေနပ်အားရခြင်းကိုလည်း ဖြစ်စေနိုင်မှာ မဟုတ်ပါဘူး။ စက်မှုလုပ်ငန်းရှင်တစ်ယောက်ဖြစ်တဲ့ ဂျွန်ဒီရော့စ်ပယ်လာဟာ သိပ်ကိုချမ်းသာတဲ့ လူဖြစ်ပြီး သူ့ဘဝတစ်လျှောက်လုံးမှာ ဒေါ်လာသန်း ၃၅၀ လောက် လှူဒါန်းခဲ့သူလည်း ဖြစ်ပါတယ်။ တစ်ခါက သူ့ကို ငွေဘယ်လောက်ထပ်ရရင် ကျေနပ်နိုင်ပြီလည်းလို့ မေးတဲ့အခါ "ဒီထက် နည်းနည်းထပ်ရရင်ပေါ့"လို့ ဖြေခဲ့ပါတယ်။ ရှေးဟောင်းအစ္စရေးတို့ရဲ့ဘုရင်ဖြစ်တဲ့ ဆော်လမွန်ဘုရင်က "ငွေကိုချစ်တဲ့လူတွေဟာ ဘယ်တော့မှမတင်းတိမ်နိုင်ကြသလို၊ ကြွယ်ဝမှုကို ကြိုက်တဲ့လူများကလည်း သူတို့ရဲ့ လစာကို ဘယ်

mgyoe.com

mgyoe.com


တော့မှ မကျေနပ်ကြပါဘူးတဲ့။"

ဂရိမီလျံနာတစ်ယောက်လည်းဖြစ်တဲ့ အရစ်တိုတယ်လ် ဟိုနားစစ်က "အမှတ်တစ်ခုကိုရောက်ပြီးရင်၊ ငွေဆိုတာ အရေးမကြီးတော့ပါဘူး" လို့ ပြောခဲ့ပါတယ်။ "တကယ်အရေးကြီးတာက အောင်မြင်မှုပါလို့လဲ" သူက ထပ်ပြီး ဖြည့်စွက်ပြောကြားခဲ့ပါသေးတယ်။

## ထူးခြားတဲ့ခံစားချက်

အောင်မြင်မှုနဲ့ပတ်သက်လို့ အမြင်မှားတစ်ခုက လူတွေက သူတို့ပျော်ရွှင်တယ်၊ အောင်မြင်တယ်လို့ ခံစားရရင် အောင်မြင်မှုကိုရပြီလို့ ထင်ကြတာပါပဲ။ အောင်မြင်တယ်လို့ ထင်ဖို့ဆိုတာ ချမ်းသာဖို့ ကြိုးစားရတာထက် ပိုပြီး ခက်ခဲနိုင်ပါသေးတယ်။ ဒေါ်နယ်ထရမ့်က ပြောခဲ့တယ် "အောင်မြင်မှုတွေရဲ့ တကယ့်အတိုင်းအတာဟာ ပျော်ရွှင်မှုပါပဲ။ ကျွန်တော့်လောက် ပိုက်ဆံမရှိပေမဲ့ ကျွန်တော်ထက်ပိုပြီး ပျော်ရွှင်ရတဲ့သူငယ်ချင်းတွေ ရှိတယ်။ သူတို့ဟာ ကျွန်တော့်ထက်ပိုပြီး အောင်မြင်ကြပါတယ်" တဲ့။ လူတိုင်းက အောင်မြင်တယ်လို့ထင်တဲ့ ထရမ့်ဟာ ပျော်ရွှင်မှုကို အောင်မြင်မှုလို့ ထင်ပါတယ်။ သူ့သူငယ်ချင်းတွေကလည်း ထရမ့်က ပိုအောင်မြင်တယ်လို့ ထင်ကြပါလိမ့်မယ်။ အဲဒါကိုကြည့်ခြင်းဖြင့် လူတွေက ကိုယ့်မှာမရှိတာကို အောင်မြင်မှုလို့ သတ်မှတ်တတ်ကြတဲ့အကျင့်ကို သွားတွေ့ရပါတယ်။

ပျော်ရွှင်မှုကို အမြဲရှာဖွေနေတဲ့ အကြောင်းကလည်း လူအများကို လမ်းလွှဲစေတာပါ။ သင်ဟာ ပျော်ရွှင်မှုကို ပန်းတိုင်လို့သတ်မှတ်ခဲ့မယ်ဆိုရင် သင်ကျရှုံးဖို့များပါပြီ။ သင်ဟာ ရှိလာကိုစတာ စီးနေရသလို ဖြစ်နေရပါလိမ့်မယ်။ ဘာလို့ဆို ဘဝဆိုတာ အမြဲပြောင်းလဲနေတာပါ။ ဒါကြောင့် သင့်ရဲ့စိတ်ခံစားမှုပြောင်းလဲတိုင်း သင်အောင်မြင်လိုက်၊ ကျရှုံး

mgyoe.com

mgyoe.com


လိုက်ဖြစ်နေပါလိမ့်မယ်။ ဘဝဆိုတာ မသေချာပါဘူး။ ခံစားချက်တွေက မတည်ငြိမ်ပါဘူး။ ပျော်ရွှင်မှုကလည်း အောင်မြင်မှုရဲ့ အတိုင်းအတာ အဖြစ် တသမတ်တည်း သတ်မှတ်ရာ မကောင်းပြန်ပါဘူး။

"သင်သာပျော်ရွှင်မှုကို သင့်ရဲ့ပန်းတိုင်လို့
သတ်မှတ်လိုက်ရင် သင်ကျရှုံးဖို့ ကျိန်းသေနေပါပြီ"

**တစ်ခုခုဖြစ်ချင်တာ၊ ပိုင်ဆိုင်ချင်တာ**

ကျွန်တော်ငယ်ငယ်က စက်ဘီးလေးတစ်စီး သိပ်လိုချင်တာ။ စက်ဘီးရှိတဲ့ လူတွေကတော့ အောင်မြင်တယ်လို့ ထင်ခဲ့တယ်။ ပြီးတော့ ကျောင်းလက်ရွေးစင် ဘတ်စကတ်ဘောသမားလည်း သိပ်ဖြစ်ချင်တာ။ နောက်ပြီး ကျောင်းသားအသင်းရဲ့ ဥက္ကဋ္ဌလည်း ဖြစ်ချင်ခဲ့တာ။ အဲဒါတွေ အကုန်ရခဲ့ပါတယ်။ အကုန်လုံးလည်း ဖြစ်ခဲ့ပါတယ်။ ဒါပေမဲ့ တစ်ခုခု လိုချင်တာနဲ့အတူတော့ အောင်မြင်မှုဟာ လိုက်ပါမလာခဲ့ပါဘူး။ တကယ်တော့ လိုချင်မှုတွေဟာ ခဏတာသာယာမှုကိုပဲ ဖြစ်စေတာပါ။ အောင်မြင်မှုဟာ ဒီနည်းလမ်းနဲ့ မရဘူးနိုင်သလို၊ တိုင်းတာလို့လည်း မရနိုင်ပါဘူး။

**အာဏာ**

ချားလ်(စ်)မက်အဲလ်ရိုင်းဆိုတဲ့ပုဂ္ဂိုလ်က တစ်ခါက ဟာသအဖြစ် ပြောခဲ့ဖူးတယ်။ "အာဏာဆိုတာ အကောင်းဆုံးခဏတာ စိတ်ရှုပ်ပေါက်မှုပါပဲ"လို့ ဆိုပြီးတော့ပေါ့။ သူ့စကားမှာ အမှန်တရားအချို့ ပါဝင်နေပါတယ်။ ပါဝါတွေ၊ အာဏာတွေက သင့်ကို အောင်မြင်ပြီလို့ ခဏတော့ ထင်စေပါလိမ့်မယ်။ ဒါပေမဲ့ အဲဒါဟာ အောင်မြင်မှုအစစ် မဟုတ်ပါဘူး။

mgyoe.com

mgyoe.com


အာဏာဆိုတာ တကယ်တော့ လူရဲ့စရိုက်ကို စမ်းသပ်ခြင်းပါ။ "လူတိုင်းက သည်းထိတ်ရင်ဖိုကိစ္စကို ကြံ့ကြံ့ခံနိုင်ကြတယ်။ ဒါပေမဲ့ ခင်ဗျားတစ်ယောက်ကို စမ်းသပ်ချင်ရင် သူကို အာဏာပေးကြည့်စမ်းပါ" လို့ အေဘရာဟင်လင်ကွန်းက ပြောခဲ့ဖူးပါတယ်။ အာဏာဆိုတာ ကောင်းတဲ့လူလက်ထဲမှာတော့ အကျိုးကျေးဇူးကို ဖြစ်နိုင်စေပေမဲ့ လူဆိုးလက်ထဲရောက်သွားရင်တော့ ဆိုးရွားတဲ့ပျက်စီးမှုတွေကို ဖြစ်ပေါ်စေပါတယ်။ သူ့ဟာသူကတော့ အာဏာဆိုတာ အကောင်းလည်း မဟုတ်၊ အဆိုးလည်း မဟုတ်ပါဘူး။

**ပန်းတိုင်ရောဂါ**

ပန်းတိုင်ရောက်လို့ အောင်ပွဲခံပါဆိုတဲ့လူတွေ ရှိပါတယ်။ ဟုတ်ပါတယ်။ သူတို့တစ်စုံတစ်ခုကို ရရှိခဲ့ပါပြီ။ အဲဒါကို သူတို့က အောင်မြင်ပြီလို့ ထင်နေကြတယ်။ ကျွန်တော့်ကတော့ အဲဒါကို ပန်းတိုင်ရောဂါလို့ နာမည်ပေးထားပါတယ်။ ကျွန်တော်လည်း တစ်ခါတုန်းကတော့ တစ်ခုခုကို ရယူနိုင်တာ၊ ရည်ရွယ်ချက်တစ်ခုကို ရောက်နိုင်တာကို အောင်မြင်မှုလို့ ထင်ခဲ့ဖူးပါတယ်။ ကြိုတင်သတ်မှတ်ထားတဲ့ ပန်းတိုင်ဆီမရောက်မချင်းတော့ အဲဒီစိတ်ဓာတ်က တိုးတက်မှုတွေကို ဖြစ်ပေါ်စေပါတယ်။ ဒါပေမဲ့ အချိန်တွေကြာလာတဲ့အခါ ဒီအချက်မှာလည်း အကန့်အသတ်ရှိလာပြန်တယ်။

"ဘယ်လိုလူနှစ်ယောက်အတွက်မဆို
အောင်မြင်မှုပုံစံ မတူနိုင်ပါဘူး။"

သင့်ရဲ့ ရည်မှန်းချက်ကို ရောက်တိုင်းအောင်မြင်မယ် (သို့) ကျေ

mgyoe.com

mgyoe.com


နပ်မယ်လို့ အတပ်မပြောနိုင်ပါဘူး။ မိုက်ကယ်ရော်ဒန်ကိုပဲ ကြည့်ကြည့်ပါ။ သူလိုချင်တဲ့ ပန်းတိုင်တွေအကုန် ရခဲ့လို့ ဘတ်စကက်ဘောကစားသမားဘဝက အနားယူမယ်လို့ ပြောခဲ့ပြီး၊ သူကြာကြာမနေနိုင်ခဲ့ပါဘူး။ အဲဒီဘတ်စကက်ဘောကွင်းနဲ့ ဝေးဝေးမှာပေါ့။ နည်းနည်းကြာတော့ သူအောက်တန်းလိဂ်လေးတွေမှာ ပြန်ပြီးကစားခဲ့ပါတယ်။ ဒါကြောင့်အောင်မြင်မှုဆိုတာ တစ်ခုပြီးတစ်ခုရရမယ့် ပန်းတိုင်စာရင်းမဟုတ်ပါဘူး။ ရောက်ရမယ့်ခရီးဆုံးတစ်ခု မဟုတ်ပါဘူး။ သွားနေရမယ့် ခရီးလမ်းတစ်ခုသာ ဖြစ်ပါတယ်။

* * *

## အောင်မြင်ခြင်းရဲ့ပုံရိပ်အမှန်

အဲဒါဆိုရင် သင်အောင်မြင်ခြင်းခရီးကို ထွက်ခဲ့ပြီလား။ အောင်မြင်ဖို့ ဘာတွေလိုအပ်မယ်လို့ သင်ထင်ပါသလဲဆိုရင် နှစ်ခုတော့လိုအပ်ပါတယ်။ အောင်မြင်မှုရဲ့ပုံရိပ်အမှန်နဲ့ အောင်မြင်မှုဆီသွားရမယ့် ဥပဒေသအမှန်တွေကို သိဖို့ပါပဲ။

ဘယ်လိုလူမျိုးနှစ်ယောက်အတွက်မဆို အောင်မြင်ခြင်းပုံရိပ်လွှာဟာ တစ်ထပ်တည်းမဖြစ်နိုင်ဘူး။ ဘာဖြစ်လို့ဆို ကျွန်တော်တို့အားလုံးဟာ မတူညီတဲ့ လူတွေအဖြစ် ဖန်တီးခြင်းခံထားရလို့ပါ။ ဒါပေမဲ့ အောင်မြင်နိုင်ဖို့ လုပ်ငန်းစဉ်ကတော့ အားလုံးအတွက် အတူတူပါပဲ။ အဲဒါကတော့ မပြောင်းလဲတဲ့ ဥပဒေသတွေအပေါ်မှာ အခြေခံထားရပါတယ်။ နှစ်ပေါင်း အစိတ်လောက် အောင်မြင်မှုဘာသာရပ်ကို လေ့လာတဲ့အတွေ့အကြုံအရရော၊ အောင်မြင်သူတွေနဲ့ ခင်မင်ခဲ့မှုအရရော၊ အောင်မြင်မှုကို ကျွန်တော်က ဒီလိုအဓိပ္ပာယ်ကဖွင့်ချင်ပါတယ်။

mgyoe.com

mgyoe.com

**အောင်မြင်မှုဆိုတာ**

သင့်ဘဝရဲ့ရည်ရွယ်ချက်ကိုသိတာ
သင့်ရဲ့အမြင့်ဆုံးအလားအလာရှိတဲ့ နေရာကိုရောက်နိုင်တာနဲ့
သူတစ်ပါးတွေကို ပြုစုပျိုးထောင်အကျိုးပြုပေးနိုင်ခဲ့ခြင်းတို့ ပါပဲ။

"သူတစ်ပါးကို ကူညီလိုက်ရလို့ သင့်အခွင့်အရေးရော အောင်မြင်မှုကို ဆောင်ကျဉ်းရမယ့် သင့်ခွန်အားတွေပါ မဆုံးရှုံးဘူးဆိုတာ အာမခံပါတယ်။"

အဲဒီအဓိပ္ပာယ်ဖွင့်ဆိုချက်ကို ကြည့်ခြင်းဖြင့် အောင်မြင်မှုဆိုတာ ပန်းတိုင်မဟုတ်ပါဘဲ ဘာလို့ ခရီးစဉ်တစ်ခုဖြစ်လဲဆိုတာ သင်သိလောက်ပါပြီ။ သင့်ဘဝမှာ ဘယ်လောက်အသက်ရှည်ရှည်နေနေ၊ သင့်ဘဝမှာ ဘာတွေပဲလုပ်ဖို့ ဆုံးဖြတ်ထားထား သင့်ရဲ့အလားအလာရှိတဲ့ အမြင့်ဆုံးရှိရာကို မတိုးတက်သရွေ့၊ သူတစ်ပါးကိုကူညီဖို့ အခွင့်အရေးကို မရှာနိုင်သရွေ့ သင်အောင်မြင်နိုင်မှာ မဟုတ်ပါဘူး။ ဒါပေမဲ့ အောင်မြင်မှုကို သင်ကသွားနေရမယ်ခရီးလမ်းလို့မြင်ရင်တော့ သင့်မှာရောက်ကိုရောက်ရမယ့် နောက်ဆုံးပန်းတိုင်ကို ရောက်ဖို့ ပြဿနာတွေ ရှိလာမှာ မဟုတ်ပါဘူး။ ပြီးတော့ သင်ပြည့်ဝခဲ့တဲ့ အရာတွေအတွက်လည်း ဂုဏ်ယူရပ်တန့်မနေဘဲ သင့်အချက် မပြည့်သေးတဲ့ အရာတွေကို ဆက်လက်ပြည့်ဝဖို့ ဒါမှမဟုတ် တစ်ခုခု ထပ်လုပ်ဖို့ သင်ရှာဖွေနေပါလိမ့်မယ်။

နောက်ထပ်ခရီးစဉ်လို့ ထင်ရခြင်းရဲ့ အကျိုးတစ်ခုက သင်ရောက်ရမယ့် ပန်းတိုင်ဆိုတာ မရှိတော့တဲ့အတွက် ဒီနေ့မှာပဲ သင်ဟာ အောင်မြင်နိုင်ပါတယ်။ သင်ပြောင်းလဲနိုင်လိုက်တဲ့ သင်ကူညီနိုင်လိုက်တဲ့ သင်

mgyoe.com

mgyoe.com


တိုးတက်နိုင်ခဲ့တဲ့ သင့်ဘဝရဲ့ ရည်ရွယ်ချက်ကို ပြန်လည်ရှာဖွေနိုင်ခဲ့တဲ့ အချိန်တိုင်းမှာ သင်ဟာ အောင်မြင်နေတဲ့ လူပါပဲ။ တစ်နေ့မှာ ဖြစ်ရမယ် ဆိုပြီး တစ်ချိန်ချိန်မှ အောင်မြင်ရမယ့်သူမဟုတ်ပါဘူး။

အောင်မြင်မှုကို ပိုပြီးသဘောပေါက်ဖို့၊ ပိုပြီးကောင်းစွာကိုင်တွယ်နိုင်ဖို့ အောင်မြင်ခြင်းရဲ့ အခြေခံအချက်တွေကို ကြည့်ရအောင်။

**သင့်ရဲ့ ရည်ရွယ်ချက်ကိုသိပါစေ။**

သင့်ရည်ရွယ်ချက်ကို သိဖို့လောက် ဘာကမှအရေးမကြီးပါဘူး။ သင့်မှာ တစ်စုံတစ်ခုသော ရည်မှန်းချက်မရှိဘဲနဲ့တော့ သင့်ဘဝရဲ့ အကောင်းဆုံးဆိုတာတွေကို ပြုလုပ်နိုင်မှာမဟုတ်ပါဘူး။ အခြားနည်းနဲ့ ပြောရရင် သင့်ရဲ့ရည်ရွယ်ချက်ကို သင်တကက်တကက်ကြွကြွ မရှာဖွေသရွေ့ သင့်ဘဝတစ်လျှောက်လုံး အမှားတွေပဲ လုပ်မိနေပါလိမ့်မယ်။

လူတိုင်းမှာ တိကျတဲ့ ကိုယ်ပိုင်ဘဝ ရည်မှန်းချက်တွေရှိပါတယ်။ ပြည့်ဝအောင်ဖြည့်ဆည်းမယ်လို့ ခိုင်မာတဲ့ သံမိဋ္ဌာန်ပဲ ရဖို့လိုတာပါ။ အဲဒီလိုဆိုရင် သူလိုလူကိုအစားထိုးဖို့ မဖြစ်နိုင်သလို၊ သူ့ဘဝကိုလည်း တုပဖို့ မဖြစ်နိုင်တော့ပါဘူး။ အဲဒီတော့ လူတိုင်းရဲ့ အလုပ်ဟာ ကွဲပြားနေပြီး အဲဒါကို အကောင်အထည်ဖော်ဖို့ သူ့ရဲ့အခွင့်အလမ်းကလည်း တိတိကျကျကို ရှိနေပါတယ်။ ကျွန်တော်တို့တစ်ယောက်ချင်းတိုင်းကို ဖန်တီးပေးလိုက်တဲ့ ရည်ရွယ်ချက်တစ်ခုစီတော့ဖြင့် ရှိနိုင်ပါတယ်။ ကျွန်တော်တို့ရဲ့တာဝန်က အဲဒါကို ရှာဖွေဖို့ပါပဲ။

သင့်ရဲ့ရည်ရွယ်ချက်ကို ရှာဖွေနိုင်ဖို့ သင့်ကိုယ်သင် မေးနိုင်တဲ့မေးခွန်းအချို့ကို ဖော်ပြပေးလိုက်ပါတယ်။

mgyoe.com

mgyoe.com

**ဘာကိုရှာဖွေနေသလဲ** – လူတိုင်းရဲ့နှလုံးသားမှာနက်ရှိုင်းစွာ မြှုပ်နှံထားတဲ့ မိမိရဲ့စိတ်နဲ့ ခံစားချက်ကို မသိစိတ်က ပြန်ပြောနေတဲ့ မိမိရဲ့ ဝိညာဉ်ကို နှိုးဆွနေတဲ့ အရာတစ်ခုစီတော့ ရှိကြပါတယ်။ အချို့က အဲဒီအရာကို ကလေးဘဝကတည်းက သိခဲ့ကြပြီး တချို့ကတော့ အဲဒါကိုသိဖို့ သက်တမ်းတစ်ဝက်လောက် ရှာဖွေကြရပါတယ်။ ဘာပဲဖြစ်ဖြစ် အဲဒါက ရှိကိုရှိပါတယ်။ သင်ရှာတွေ့ဖို့ပဲ လိုတာပါ။

**ဘာအတွက်ဖန်တီးပေးလိုက်တာလဲ** – လူတိုင်းဟာ ကွဲပြားခြားနားကြပါတယ်။ ကမ္ဘာပေါ်မှာရှိတဲ့ ဘယ်သူတစ်ဦးတစ်ယောက်မှာမှ တူညီတဲ့ပါရမီ၊ တူညီတဲ့အရည်အချင်းတွေ မရှိနိုင်ပါဘူး။ ဘဝတွေရောပေါ့။ အဲဒီအချက်အလက်ကပဲ သူများထက်သာဖို့ ကြိုးစားခြင်းက မှားယွင်းတယ်ဆိုတာ သင့်ကို သိစေမှာပါ။ သင့်ရဲ့ ထူးခြားထင်ရှားပြီး သူမတူတဲ့ စရိုက်လက္ခဏာတွေကို တွေးတောပါ။ သင့်ရဲ့ ဘဝနဲ့ သူမတူတဲ့အခွင့်အရေးတွေကိုရောပေါ့။

သင်အဲဒီ သူမတူတဲ့အရည်အချင်းတွေနဲ့ သင်ဘာလိုချင်သလဲဆိုတာကိုသာ ရှာဖွေနိုင်ပြီးဆိုရင် သင့်ဘဝရဲ့ ရည်ရွယ်ချက်ကို ရှာဖွေခြင်းအဆင့် တော်တော်များများပြီးမြောက်သွားပြီလို့ ဆိုလို့ရပါတယ်။

**ကိုယ့်ရဲ့အလားအလာ ကိုယ်ရော ယုံကြည့်ရဲ့လား** – ကိုယ့်အပေါ် ကိုယ်မြင်တဲ့အမြင်နဲ့ ကိုယ်လုပ်တဲ့အလုပ်တွေဟာ ကွဲပြားနေလို့မရပါဘူး။ သင့်မှာအလားအလာမရှိဘူးလို့ ယုံကြည်ရင်၊ သင်အဲဒီနေရာကို ဘယ်တော့မှ ရောက်မှာ မဟုတ်ပါဘူး။ သင့်ရဲ့အလားအလာရှိသမျှ အကုန်ဖြစ်ဖို့ မကြိုးစားချင်သရွေ့ သင်အောင်မြင်နိုင်မှာမဟုတ်ပါဘူး။ အမေရိကန်သမ္မတ ရစဗ့်က ပြောခဲ့ဖူးတယ်။ "သင့်မှာရှိတာနဲ့၊ သင်ရောက်နေတဲ့

mgyoe.com

mgyoe.com


နေရာမှာ၊ သင်လုပ်နိုင်တာကို လုပ်ပါ"လို့ ပြောခဲ့ပါတယ်။ သင့်ဘဝကို သင့်အမြင်က ဘောင်ခတ်ထားရင် သင့်ရဲ့လက်ရှိအခြေအနေကနေ တိုးတက်နိုင်မှာ မဟုတ်ပါဘူး။

"ဘယ်အချိန်မှာစရမလဲဆိုတဲ့ မေးခွန်းအတွက် အဖြေကတော့ 'ခု' ဆိုတာပါပဲ။"

ဘယ်အချိန်မှာစရမလဲ – အချို့လူတွေက ရေတိုမှာပဲနေကြတယ်။ သူတို့ဘာလုပ်လဲ ဘယ်လိုလုပ်လဲဆိုတာကို အခြားသူတွေကိုပဲ ဘာသာပြန်စေတယ်။ သူတို့ရဲ့ ရည်ရွယ်ချက်ကို သိပေမဲ့ စမလုပ်ဖြစ်ကြဘူး။ အဲဒါကို စဖို့စိတ်ပါလာမယ့်၊ စိတ်အားတက်ကြွလာမယ့် သူတို့ကို ဖိတ်ခေါ်ခံရမယ့်အချိန်ကို စောင့်နေကြတယ်။ ဒါပေမဲ့ သူတို့ဘယ်လောက်စောင့်စောင့် သွားဖြစ်မှာမဟုတ်ပါဘူး။ ဒါကြောင့် ဘယ်အချိန်မှာစရမှာလဲဆိုတဲ့ မေးခွန်းရဲ့အဖြေဟာ 'ခု'ဆိုတာပါပဲ။

**သင့်ရဲ့ အလားအလာကို တိုးတက်စေဖို့**

နိုဘယ်ဆုရှင်တစ်ယောက်ဖြစ်တဲ့ အိပ်(ချ်)ဂျီဖဲလ်က ချမ်းသာမှု၊ ပျော်ရွှင်မှု၊ နေရာနဲ့အာဏာတွေဟာ အောင်မြင်မှုရဲ့ အတိုင်းအတာတွေ၊ စံနှုန်းတွေပါလို့ မယုံကြည်ပါဘူး။ အောင်မြင်မှုရဲ့ အမှန်ကန်ဆုံးတစ်ခုတည်းသော အချိုးက သင်ဘာဖြစ်သင့်သလဲဆိုတာနဲ့ သင်ဘာဖြစ်လာသလဲဆိုတာပါပဲ။ အခြားနည်းလမ်းနဲ့ပြောရရင် အောင်မြင်မှုဆိုတာ မိမိရဲ့ အလားအလာနဲ့ဖြစ်နိုင်ခြေတွေကို ဖွံ့ဖြိုးတိုးတက်စေခြင်းပေါ့။

ကျွန်တော်တို့မှာ အကန့်အသတ်မရှိတဲ့ အလားအလာနဲ့ဖြစ်နိုင်ခြေတွေ ရှိနိုင်ပါတယ်။ ဒါပေမဲ့ အနည်းငယ်ကပဲ အဲဒီအရာကို ရှာဖွေဖို့ကြိုး

mgyoe.com

mgyoe.com


စားခဲ့ကြပါတယ်။ အဖြေကတစ်ခုပဲ ရှိပါတယ်။ ကျွန်တော်တို့ ဘာမဆို လုပ်နိုင်သော်လည်း အရာရာကို မလုပ်နိုင်လို့ပါတဲ့။ လူအများစုက သူ့အနားက လူတွေချပေးတဲ့ လမ်းကြောင်းကိုပဲ လျှောက်ချင်ကြတယ်။ သူတို့ဘဝရဲ့ ရည်ရွယ်ချက်ကို သူများတွေချမှတ်ထားတဲ့ ပန်းတိုင်တွေနဲ့ ချိန်ထိုးသတ်မှတ်ကြတယ်။ ရလာဒ်က ဘာဖြစ်သလဲဆိုရင် ဘယ်နေရာမှာမှ ထူးထူးချွန်ချွန် မဖြစ်နိုင်ဘဲ ဟိုစပ်စပ်ဒီစပ်စပ်နဲ့ပဲ အချိန်ကုန်လိုက်ရတာများပါတယ်။

သင်လည်း အဲဒီလိုဖြစ်နေခဲ့ပြီဆိုရင် သင့်ဘဝကို ပြောင်းလဲဖို့ အဆင်သင့်ဖြစ်နေပြီ ထင်ပါတယ်။ ဟောဒီမှာ သင်လိုက်နာရမယ့် အဆင့် (၄) ဆင့်ပါ။

**၁။ တစ်ခုတည်းသော ပန်းတိုင်ကိုပဲ အာရုံစိုက်ထားပါ။**

ယောင်ခြောက်ဆယ်လူတွေဟာ သူတို့ရဲ့ အလားအလာရှိရာကို ဘယ်တော့မှမရောက်နိုင်ပါဘူး။ သင့်ရဲ့အလားအလာရှိသမျှ အကုန်ရယူနိုင်လို့ အာရုံစူးစိုက်မှုလိုပါတယ်။ အဲဒါကြောင့်ပဲ သင့်ရဲ့ ရည်ရွယ်ချက်ကို ရှာဖွေခြင်းက အရေးကြီးတယ်လို့ ဆိုခဲ့တာပါ။ သင်အဲဒါကို သတ်မှတ်နိုင်လိုက်တာနဲ့ သင့်ရဲ့ ဘဝတစ်ခုလုံးကို ဘယ်နေရာမှာ အာရုံစိုက်ပြီး ဘယ်နေရာမှာ ပေးဆပ်ရမလဲဆိုတာ သိပြီပေါ့။ ပေးဆပ်မှုမရှိဘဲနဲ့တော့ အောင်မြင်မှုကို မရနိုင်ပါဘူး။ သင်နည်းနည်းပဲ ရချင်ရင်နည်းနည်းပဲ စွန့်လွှတ်ပါ။ များများလိုချင်ရင်တော့ များများပေးဆပ်ရပါမယ်။

**၂။ စဉ်ဆက်မပြတ် တိုးတက်ခြင်းကိုလည်း အာရုံစိုက်ထားပါ။**

စဉ်ဆက်မပြတ်တိုးတက်ခြင်းကို အာရုံစိုက်ထားခြင်းက သင့်ဘဝရဲ့အလားအလာရှိရာကို ရောက်နိုင်ဖို့နဲ့၊ အောင်မြင်နိုင်ဖို့ အဓိကသော့ချက်

mgyoe.com

mgyoe.com


ပါပဲ။ မနေ့ကထက် ဒီနေ့တိုင်းမှာ နည်းနည်းပိုကောင်းအောင် လုပ်နိုင်ပါစေ။ ဒီလိုနဲ့ သင့်ရဲ့အလားအလာတွေထံ ခြေတစ်လှမ်းဆီ နီးကပ်လာပါလိမ့်မယ်။ ပြီးတော့ သင့်ရဲ့တိုးတက်မှု ရလာဒ်က ဘာပဲဖြစ်ဖြစ်၊ သင်တိုးတက်နေသရွေ့ အရေးမကြီးဘူးဆိုတာ သိလာပါလိမ့်မယ်။

**၃။ အတိတ်ကိုမေ့ပစ်ပါ။**

အတိတ်ကို ကိုယ်နဲ့မကွာ ဆွဲခေါ်လာတဲ့ လူတွေရှိပါတယ်။ ရလာဒ်က သူတို့မတိုးတက်နိုင်တော့ဘူးဆိုတာပါပဲ မနေ့ကဆိုတာ ညကပဲ ကုန်ဆုံးသွားပါပြီ။ မိမိတို့ရဲ့အတိတ်ကို မေ့ပစ်လိုက်ပါ။ ရှေ့ကိုပဲကြည့်ပါ။ အနာဂတ်ကိုပဲ အာရုံစိုက်ပါ။ သင့်ဘဝမှာ အမှားတွေလုပ်ရင်လည်း လုပ်ခဲ့ဖူးမယ်။ အခက်အခဲအတားအဆီးတွေလည်း တွေ့ခဲ့ဖူးမယ်။ အား မလျော့တန်း ဆက်သာလျှောက်ပါ။ သင့်ဘဝရဲ့ အလားအလာရှိရာကို ရောက်ဖို့ အဲဒါတွေနဲ့ ပိတ်ဆို့နေတာကို အပြစ်မခံပါနဲ့။

သင် အားကျနိုင်မယ့်လူတွေကိုရှာဖွေပါ။ မဖြစ်နိုင်ဘူးဆိုတဲ့ အခက်အခဲတွေထဲက ကျော်ဖြတ်နိုင်ခဲ့သူတွေပေါ့။ ဥပမာ ဘိုကာတီဝါရှင်တန်ဆိုတဲ့ လူငယ်လေးဟာ လူမည်းကျွန်မိသားစုက မွေးဖွားလာပေမဲ့ သူ့ရဲ့အတိတ်ကို သူ့ရဲ့ ဖြစ်နိုင်ချေတွေ ဖန်တီးရာမှာ အပိတ်ဆို့မခံခဲ့ပါဘူး။ နောက်ဆုံးမှာ သူဟာ ဖောင်ဒေးရှင်းကြီးတစ်ခု တည်ထောင်နိုင်ခဲ့ပြီး လူမည်း စီးပွားရေးသမားများ ကလပ်ကို ဖွဲ့စည်းနိုင်ခဲ့ပါတယ်။

**၄။ အနာဂတ်ကို အာရုံစိုက်ပါ။**

အနာဂတ်ဆိုတာ ကျွန်တော်တို့သွားရမယ့် တစ်ခုတည်းသောနေရာပါ။ သင်ဟာ ဆယ့်ရှစ်နှစ်ပဲဖြစ်ဖြစ်၊ အသက်ရှစ်ဆယ်ပဲဖြစ်ဖြစ် သင့်အနာဂတ်က သင့်ရှေ့မှာပဲ ရှိမှာပါ။ သင့်ကိုယ်သင် တိုးတက်ဖို့

mgyoe.com

mgyoe.com


ဘယ်အချိန်မဆို အခွင့်အလမ်းရှိပါသေးတယ်။ သင့်ရဲ့မနက်ဖြန်ဟာ ဒီနေ့ထက်ပိုကောင်းနိုင်ပါတယ်။ "ရှေ့ကိုမကြည့်တဲ့လူက နောက်မှာပဲ အမြဲ ကျန်ခဲ့မှာပါ" ဆိုတဲ့ စပိန်စကားပုံတစ်ခုတောင် ရှိခဲ့ပါသေးတယ်။

**သူတစ်ပါးကို အကျိုးပြုဖို့ မျိုးစေ့ချပါ။**

သင့်ဘဝရဲ့ ရည်မှန်းချက်ကိုလည်းသိပြီ၊ သင့်ရဲ့အလားအလာကို မြှင့်တင်ရမယ်၊ အမြဲတိုးတက်နေရမယ်ဆိုတာလည်း သိပြီဆိုရင် သင့်ရဲ့ အောင်မြင်မှုလမ်းကြောင်းဟာ ဖြောင့်တန်းနေပါပြီ။ ဒါပေမဲ့ အောင်မြင်ခြင်းခရီးစဉ်မှာ အရေးကြီးတဲ့ အရာတစ်ခု ကျန်ရှိနေပါသေးတယ်။ အဲဒါကတော့ သူတစ်ပါးကို ကူညီဖို့ပါ။ အဲဒါသာမရှိရင် သင့်ရဲ့ခရီးစဉ်က အထီးကျန်ပြီး အနှစ်သာရမရှိဘဲ ဖြစ်နေပါလိမ့်မယ်။

"ကျွန်တော်တို့ ဘာရသလဲဆိုတာနဲ့ အသက်ရှင်ကြတယ်
ကျွန်တော်တို့ ဘာပေးခဲ့သလဲဆိုတာကတော့
ကျွန်တော်တို့ရဲ့ဘဝပါပဲ။"

ကူညီဖို့ဆိုတာနဲ့ သင့်ရဲ့ အိပ်မက်တွေ မိသားစုတွေကိုပစ်ပြီး ဆင်းရဲတဲ့နိုင်ငံတွေ၊ နေရာတွေကိုသွားပြီး ကူညီဖို့ပြောတာ မဟုတ်ပါဘူး။ တစ်ခါတစ်ရံ မိမိအိမ်ကနေပြီးတော့တောင် လူတွေကို ကူညီနိုင်ပါတယ်။ သင့်ရဲ့ မိသားစုကို အချိန်ပိုပေးတာဖြစ်ဖြစ်၊ သင့်ရဲ့ဝန်ထမ်းတစ်ယောက်ကို ဆုံးမလမ်းညွှန်တာပဲဖြစ်ဖြစ်၊ သင့်ရဲ့ပတ်ဝန်းကျင်အပေါ် သင့်ရဲ့ ကိုယ်စွမ်းဉာဏ်စွမ်းနဲ့ဖြစ်ဖြစ်၊ အကျိုးပြုခြင်းတွေပေါ့။ လူတိုင်းဟာ တစ်စုံတစ်ခုအတွက် မွေးဖွားလာခဲ့ကြတယ်။ ဒါပေမဲ့ ဒါကိုလူတိုင်းမသိကြပါဘူး။ "ဘဝရဲ့အောင်မြင်မှုဆိုတာ ကိုယ်ဘာရသလဲဆိုတာနဲ့ပတ်

mgyoe.com

mgyoe.com


သက်ပြီး ဘာမှလုပ်လို့မရပါဘူး။ သူများတွေအတွက် သင်ဘာလုပ်ပေးခဲ့သလဲဆိုတာပါ"လို့ ဖျော်ဖြေသူ ဒန်နီသောမတ်စ်က ပြောခဲ့ပါတယ်။

အောင်မြင်ခြင်းခရီးစဉ်ဟာ လူတိုင်းအတွက် တူနိုင်မှာမဟုတ်ပါဘူး။ ဘာဖြစ်လို့ဆို လူတိုင်းရဲ့ အောင်မြင်ခြင်းပုံရိပ်က တစ်ခုစီဖြစ်နေလို့ပါ။ ဒါပေမဲ့ အဲဒီခရီးကိုသွားရင် လိုက်နာရမယ့် ဥပဒေသတွေကတော့ မပြောင်းလဲပါဘူး။ အဲဒါတွေကို သင်အိမ်မှာပဲဖြစ်ဖြစ်၊ ကျောင်းမှာပဲဖြစ်ဖြစ်၊ ရုံးမှာပဲဖြစ်ဖြစ်၊ ဘယ်နေရာမှာမဆို အသုံးပြုနိုင်ပါတယ်။ ဒီစာအုပ်မှာ သင့်ကို ကူညီနိုင်မယ့် ဥပဒေသအချို့ကို ဖော်ပြထားပါတယ်။ သင်ဟာ ဘယ်နေရာမှာပဲ ရှိနေနေပါ၊ အဲဒီအိုင်ဒီယာတွေကို သင်ယူပြီး အသုံးချနိုင်ပါတယ်။ ပြီးတော့ သင်ဒီနေ့လည်း အောင်မြင်နိုင်ပါတယ်။

* * *

## ကျွန်ုပ်နဲ့အတူ ခရီးထွက်လှည့်ပါ

လတ်တလော ကျွန်တော်နဲ့အတူ အောင်မြင်ခြင်းခရီးစဉ်တစ်ခု ထွက်ခဲ့တဲ့ လူတစ်ယောက်အကြောင်း ပြောပြချင်ပါတယ်။ သူ့နာမည်က ချာလီဝက်(တ်)ဇဲလ် လို့ခေါ်ပါတယ်။ သူက ကျွန်တော်ရဲ့ စာအုပ်တွေ၊ ဆောင်းပါးတွေအတွက် သုတေသနတွေ လုပ်ပေးသူတစ်ယောက်ပါ။ လွန်ခဲ့တဲ့ နှစ်အနည်းငယ်တုန်းကသာ သူ့ကို အောင်မြင်မှုဆိုတာဘာလဲ မေးရင် "အောင်မြင်မှုဆိုတာ သင်ကြိုက်တဲ့ အသက်မွေးဝမ်းကျောင်းကို ရရှိပြီး၊ အဲဒီလုပ်ငန်းမှာ ထိပ်ဆုံးရောက်နိုင်တာမျိုးပေါ့"လို့ သူဖြေပါလိမ့်မယ်။ သူ့အတွက် အဲဒီတုန်းက အောင်မြင်မှုဆိုတာ သူရောက်ရမယ့် ပန်းတိုင်ပေါ့။ ဒါပေမဲ့ အဲဒီပန်းတိုင်ကို ရောက်ဖို့ဆိုတာ သင်တစ်ယောက်တည်းရဲ့ အစွမ်းနဲ့မရပါဘူး။ အခြားအရာအများကြီးအပေါ် မူတည်နေပါသေ တယ်။ ကံတရား၊ ပတ်ဝန်းကျင်၊ အခြေအနေနဲ့ အချိန်အခါ

mgyoe.com

mgyoe.com


စသည်ဖြင့်ပေါ့။ အဲဒါဆိုရင် သင့်ကိုသူက ပြောပါလိမ့်ဦးမယ်။ သူအဲဒီကို ရောက်မရောက်လည်း မသေချာပါဘူးလို့ပေါ့။

ခုတော့ ချာလီဟာ သူ့ရဲ့ အောင်မြင်မှုဆိုတာ သူသွားနေရမယ့်ခရီးလို့ မြင်တတ်လာပါပြီ။ သူ့ကိုယ်သူ အောင်မြင်တယ်လို့ သတ်မှတ်လာနိုင်ပါပြီ။ နေ့စဉ်နေ့တိုင်းမှာ သူဟာ တိုးတက်ဖွံ့ဖြိုးလာနေပြီး သူ့အတွက် အလားအလာရှိသမျှရောက်နိုင်အောင် ကြိုးစားနေသလို၊ ရလာတဲ့ရလဒ်တွေအပေါ်မှာပဲ ကျေနပ်လာတတ်ခဲ့ပါပြီ။ ပြီးတော့ သူဟာ ကျွန်တော့်ကို ကူညီရုံတင် မကပါဘူး။ ကျွန်တော့်စာအုပ်နဲ့ ဆောင်းပါးတွေဖတ်တဲ့ လူတွေကိုပါ သူက ကူညီနေတာပါ။ သူ့ကို ဘာကပြောင်းလဲစေခဲ့တာပါလဲ။

ပထမဆုံးကတော့ အောင်မြင်မှုနဲ့ပတ်သက်တဲ့ သူ့ရဲ့ သဘောထားနဲ့ ခံယူချက်ပါ။ သူ့ရဲ့စံနှုန်းကို မြင်နိုင်ခဲ့ပြီး နေ့စဉ်လုပ်နိုင်မယ့်အရာအဖြစ် ပြောင်းလဲနိုင်ခဲ့ပါတယ်။ ဒုတိယကတော့ ဒီစာအုပ်မှာ ပါလာမယ့်လိုအပ်တဲ့ အရည်အချင်းတွေကို သူရခဲ့လို့ပါ။ မတူညီတဲ့ အောင်မြင်မှုတွေအတွက် ကူညီတဲ့ဥပဒေသတွေပေါ့။ လူတိုင်းအတွက် အောင်မြင်မှုဆီကို ခေါ်ဆောင်သွားနိုင်မယ့် အရာတွေပေါ့။ ချာလီရဲ့ဘဝကို ပြောင်းလဲပေးနိုင်တဲ့ အခွင့်အရေးကိုတော့ ကျွန်တော်ရခဲ့ပါပြီ။ ဒီဥပဒေသတွေကိုနားလည်ဖို့နဲ့ လိုက်နာဖို့ဟာ အခက်ခဲဆုံးပါ။ ဒါကြောင့် ကျွန်တော့်ကိုကူညီခွင့်ပြုပါ။

သင့်ရဲ့ အောင်မြင်မှုအပေါ် အမြင်နဲ့သဘောထားတွေ ပြောင်းလဲသွားပြီး သင့်ဘဝလည်း အောင်မြင်ခြင်းနဲ့ ပိုနီးလာမယ်လို့ ကျွန်တော်ပြောနိုင်ပါတယ်။

mgyoe.com

mgyoe.com

"အောင်မြင်မှုဆိုတာ သင်ဘယ်နေရာမှာပဲရောက်နေနေ၊ ဘာကြီးပဲဖြစ်နေနေ၊ အသက်ဘယ်လောက်ပဲဖြစ်နေပါစေ မနက်အိပ်ရာကနိုးလာတာနဲ့ သင်လုပ်ချင်တာတွေ၊ သင်ယုံကြည်တာတွေ၊ သင်ကျွမ်းကျင်တာတွေကို ဒီကနေ့မှာလည်း ထပ်ယူနိုင်တာပါပဲ"

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# သင့်ရဲ့ရည်ရွယ်ချက်ကို
# သိပါစေ

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## အခန်း (၂)
## ဘယ်ကိုသွားချင်တာပါလဲ

ကျွန်တော်ဒီစာအုပ်ကို စရေးကတည်းက ကျွန်တော့်မိတ်ဆွေတွေ၊ သူငယ်ချင်းတွေ၊ လုပ်ဖော်ကိုင်ဖက်တွေကို ခရီးသွားခြင်းနဲ့ပတ်သက်တဲ့ အကြောင်းအရာတွေ ဆွေးနွေးခဲ့ပါတယ်။ ခရီးသွားခြင်းအပေါ်သူတို့ရဲ့ အမြင်နဲ့ ခံယူချက်တွေပေါ့။ ကျွန်တော်မေးလေ့ရှိတဲ့ မေးခွန်းတစ်ခုက သူတို့အခွင့်အရေးသာရှိခဲ့မယ်ဆိုရင် ဘယ်သွားမလဲဆိုတဲ့ မေးခွန်းပါ။ သူတို့ ကျွန်တော့်ကို အဖြေအမျိုးမျိုး ပြန်ပေးခဲ့ပါတယ်။

အချို့က နေရပ်ပြန်ချင်တယ်၊ အချို့က စွန့်စားချင်တယ်၊ အချို့က အပန်းဖြေချင်တယ်၊ အချို့က သူတို့မြင်ဖူးချင်တဲ့ အဆောက်အဦတွေနဲ့ နေရာတွေကို သွားကြည့်ချင်တယ်။ ဝါသနာပါတဲ့ ပြဇာတ်နဲ့ အနုပညာနာမည်ကြီးနေရာတွေဆီကို သွားချင်တယ်။ အချို့ကတော့ ကျောင်းတက်ချင်တယ်။ စာပေလေ့လာချင်တယ် အစုံပါပဲ။ ကျွန်တော် သူတို့ရဲ့ ခရီးသွားအိပ်မက်တွေနဲ့ပတ်သက်ပြီး ဆွေးနွေးရတာပျော်ပါတယ်။ သူတို့ သွားချင်တဲ့နေရာတွေကို မျက်စိထဲပေါ်အောင် ပြောနိုင်ကြ

mgyoe.com

mgyoe.com


ပါတယ်။ ဒါပေမဲ့ ကျွန်တော်သူတို့ကို မေးခွန်းတစ်ခုထပ်မေးလိုက်တယ်။ "မင်းတို့ အဲဒီနေရာတွေကို ဘာလို့မသွားကြသေးတာလဲ"လို့ပေါ့။ အဲဒီအခါ အချို့က အဖော်မရှိလို့၊ အချို့က ပိုက်ဆံမရှိလို့၊ အချိန်မရှိလို့ဆိုပြီး ပြန်ဖြေကြပါတယ်။ သင်ကြားဖူးမှာပါ ကမ္ဘာတစ်ပတ်ပတ်ခဲ့သူတိုင်းက အချိန်တွေ၊ ငွေတွေ အလုံအလောက်ရှိခဲ့သူ နည်းတယ်ဆိုတာကိုပါ။ အချို့ဟာ စရိတ်ချွေတာ ခရီးသွားတွေပါ။ ဒါပေမဲ့ သူတို့သွားချင်တဲ့နေရာတွေ ရောက်ခဲ့ကြတယ်။ ဘာဖြစ်လို့ပါလဲ။ သူတို့ကြိုတင်စီစဉ်ပြီး ဘယ်လို ပေးဆပ်မှုပဲဖြစ်ဖြစ်၊ ဘယ်လိုဒုက္ခပဲဖြစ်ဖြစ် ရင်ဆိုင်နိုင်လို့ပါ။

ခုသင့်ကိုလည်း မေးခွန်းတစ်ခုမေးခွင့်ပြုပါ။ သင်ရော အခွင့်အရေးရှိရင် ဘယ်ကိုသွားမှာပါလဲ။ အပန်းဖြေခရီးစဉ်တစ်ခုဆိုတာထက် သင့်ဘဝရဲ့ရှုထောင့်ကနေ ဖြေကြည့်ပါ။ အဲဒီအဖြေအပေါ် သင်အောင်မြင်နိုင်သလား၊ မအောင်မြင်နိုင်သလားဆိုတာဟာ အများကြီးမူတည်နေပါတယ်။ သင်သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ ကျွန်တော်တို့ဟာ သေဆုံးသည်အထိ ခရီးတွေသွားနေကြတာပါ။ ဒါကြောင့် လူတွေမှာ ရွေးချယ်စရာနှစ်ခုရှိပါတယ်။ ကျွန်တော်တို့အတွက် မေးခွန်းက ကိုယ်သွားချင်တဲ့နေရာကို ကိုယ်သတ်မှတ်ပြီး ခရီးတွေသွားမလား၊ ရေလှိုင်းနဲ့အတူ မျောပါပြီး ကျွန်တော်တို့ရဲ့ ဘဝဆုံးချိန်ကို သူတစ်ပါးကိုသတ်မှတ်ခိုင်းမလား ဆိုတာပါ။ အဲဒီရွေးချယ်မှုက ကျွန်တော်တို့ကိုယ်တိုင် ပြုလုပ်ရမှာပါ။ သင်ဘာကို ရွေးချယ်မှာပါလဲ။

* * *

## ဘယ်ကိုမှမရောက်တဲ့ အပျော်စီးသင်္ဘော

သင်ဘယ်ကိုမှ မရောက်တဲ့အပျော်စီးသင်္ဘောတွေ စီးဖူးပါသလား။ ဘယ်ကိုမှဦးတည်ပြီး ခုတ်မောင်းတာမဟုတ်ဘဲ ပင်လယ်ထဲ

mgyoe.com

mgyoe.com


(သို့) မြစ်ထဲ (သို့) ပင်လယ်အထိထွက်ပြီး ပြန်တွေ့ကာ မူလထွက်လာတဲ့ကမ်းဆီ ပြန်ဆိုက်ကပ်တဲ့ သင်္ဘောတွေလေ။ အဲဒီသင်္ဘောပေါ်မှာ ရေကူးကန်ပါနိုင်တယ်။ ဖျော်ဖြေရေးတွေလည်း ပါမယ်။ သင့်အတွက် အကျွေးမွေးတွေလည်း ပါပါတယ်။ လူတော်တော်များများရဲ့ ဘဝမှာ ရင်ဆိုင်နေရတဲ့ ပြဿနာတွေဟာ ဒီသင်္ဘောတွေလိုပါပဲ။ သူတို့သွားတော့သွားနေတယ်။ ဒါပေမဲ့ ဦးတည်ချက်မရှိဘူး။ သူတို့ရဲ့အချိန်တွေကို သာယာမှုတွေနဲ့ သူတို့အတွက် ဘာမှမကျန်တဲ့အကျိုးကျေးဇူးမရှိတဲ့၊ တစ်ခဏတာ သာယာမှုတွေကို နှစ်ဝင်ပျော်ပါးပြီး နောက်ဆုံးကိုယ်ခွာခဲ့တဲ့ ကမ်းကိုပဲ ဘာတိုးတက်မှုမှမရှိဘဲ ပြန်လာခဲ့ရတယ်ဆိုတာပါပဲ။ ဘယ်ကိုမှမရောက်တဲ့ သင်္ဘောကတော့ အပန်းဖြေဖို့ကောင်း၊ ပျော်ရွှင်ဖို့ကောင်းမှာမှန်ပေမယ့် ဘယ်ကိုမှမရောက်တဲ့ ဘဝကတော့ အဲဒီလိုပျော်ဖို့ကောင်းမှာ မဟုတ်ပါဘူး။

"သင့်ရဲ့ဦးတည်ချက်ကိုသတ်မှတ်ပြီး
သင့်ပန်းတိုင်ကို ဦးတည်ခုတ်မောင်းရပါမယ်။"

ရှေ့မှာပြောခဲ့သလိုပါပဲ။ အောင်မြင်မှုဆိုတာ ခရီးစဉ်တစ်ခုသာပါပဲ။ သင်တစ်နေရာရာကို ရောက်တာနဲ့ သင်တစ်ခုခုကိုရတာနဲ့ ချက်ချင်းကြီးအောင်မြင်ပြီလို့ မပြောနိုင်ပါဘူး။ တစ်ချိန်တည်းမှာပဲ အဲဒါဟာ သင့်ခရီးကို ဦးတည်ရာမဲ့ ထွက်ခိုင်းနေတာလဲ မဟုတ်ပါဘူး။ သင့်ရဲ့အလားအလာနဲ့ အောင်မြင်မှုကို ဦးတည်ချက်မရှိဘဲနဲ့ သင်ဘယ်လိုမှ ဖြည့်ဆည်းနိုင်မှာ မဟုတ်ပါဘူး။ သင့်ရဲ့ ဦးတည်ရာကိုရှာဖွေပြီး ရွက်လွှင့်ရပါမယ်။ တစ်နည်းအားဖြင့် သင့်ရဲ့အိပ်မက်တွေကို ရှာဖွေရမယ်ပေါ့။

* * *

mgyoe.com

mgyoe.com

## အိပ်မက်တွေရဲ့ အစွမ်းသတ္တိများ

ကျွန်တော်တို့အားလုံးရဲ့ နှလုံးသားထဲမှာ အိပ်မက်တွေကိုယ်စီရှိမယ်လို့ ကျွန်တော်တော့ ယုံကြည်ပါတယ်။ ထိပေါက်ဖို့အတွေးတွေကို ပြောနေတာ မဟုတ်ပါဘူး။ ကျွန်တော်တို့ရဲ့ လက်ရှိဘဝကနေ၊ လက်ရှိ အခြေအနေကနေဖောက်ထွက်ချင်တဲ့ အတွေးတွေကိုပြောတာပါ။ သင့်ရဲ့ ရင်ထဲအသည်းထဲမှာ သိပ်ဖြစ်ချင်စိတ်ပြင်းပျနေတဲ့ ရည်ရွယ်ချက်တစ်ခု ကို ပြောတာပါ။ အဲဒါတွေဟာ ကျွန်တော်တို့လူဖြစ်လာရခြင်းရဲ့ အကြောင်းပြချက်ပဲ။ အဲဒါဟာ ကျွန်တော်တို့ရဲ့ ပါရမီနဲ့ မွေးရာပါစွမ်း အားတွေကို ထင်ဟပ်နေစေတာပါပဲ။ ကျွန်တော်တို့ရဲ့ အောင်မြင်ခြင်း ခရီးစဉ်ကို အိပ်မက်တွေနဲ့ စတင်ရအောင်။

အိပ်မက်ကိုသိပြီး အကောင်အထည်ဖော်နိုင်ခဲ့တဲ့ လူတစ်ယောက် ကို ပြောပါဆိုရင် ကျွန်တော့်မျက်စိထဲ ပေါ်မြင်မိတာက ဟင်နရီဖို့ဒ်ဆို တဲ့ပုဂ္ဂိုလ်ပါပဲ။ သူကပြောခဲ့တယ်။ "အောင်မြင်တဲ့ဘဝရဲ့ လျှို့ဝှက်ချက် ဆိုတာ ကံတရားက သတ်မှတ်ထားတဲ့ လုပ်ရမယ့်အရာကို ရှာဖွေပြီး လုပ်ဖို့ပါပဲ"တဲ့။

ဖို့ဒ်ရဲ့ စက်မှုနဲ့ပတ်သက်တဲ့ စိတ်ဝင်စားမှုဟာ သူ့အိပ်မက်တွေနဲ့ အတူ တိုးတက်ကြီးပွားလာခဲ့ပါတယ်။ ငယ်စဉ်ကတည်းက စက်ပစ္စည်း တွေနဲ့ပတ်သက်လို့ သင်ကြားရတာ၊ လေ့လာရတာ ကြိုက်နှစ်သက်ခဲ့ တယ်။ ရေနွေးငွေ့အင်ဂျင်၊ နာရီနဲ့ ပေါက်ကွဲမှုအင်ဂျင်တွေကို သူကိုယ် တိုင်တီထွင်သင်ယူနိုင်ခဲ့တယ်။ နိုင်ငံအနှံ့လျှောက်သွားပြီး ပညာရရန် အခမဲ့ အလကားစက်ပြင်ခြင်းအလုပ်ကို လိုက်လုပ်ပေးခဲ့တယ်။ သူဟာ စက်မှုပညာရှင်တစ်ယောက်နဲ့ နာရီပြုလုပ်သူ ဖြစ်လာခဲ့တယ်။ သောမတ် အက်ဒီဆင်ရဲ့ကုမ္ပဏီမှာ ညဆိုင်းဆင်းရတဲ့ အင်ဂျင်နီယာအလုပ်တောင် သူလုပ်ခဲ့ဖူးပါတယ်။ ဖို့ဒ်ဟာ သူ့ရဲ့ စိတ်ပါဝင်စားမှုတွေကို ကားထုတ်

mgyoe.com

mgyoe.com


လုပ်နိုင်မယ့် နည်းပညာထံ တဖြည်းဖြည်းရွှေ့ပြောင်းလာခဲ့ တယ်။ ၁၈၉၆ မှာ သူ့ရဲ့ ပထမဆုံးကားကို တီထွင်နိုင်ခဲ့တယ်။ ပြီးတော့ အဲဒီမှာ ရပ်မနေဘဲ ဘယ်လိုတိုးတက်နိုင်မလဲ ထပ်မံလေ့လာခဲ့တယ်။ အခြားသော ကားထုတ်လုပ်သူတွေထံကလည်း လေ့လာသင်ယူခဲ့တယ်။

သူ့ရဲ့စက်ပစ္စည်းနဲ့ နည်းပညာအပေါ် ကြိုက်နှစ်သက်မှုဟာ ဖို့ဒ်ရဲ့အိပ်မက်ကို ကြီးထွားအောင်မြင်စေခဲ့ပါတယ်။ ဈေးသက်သာတဲ့ကားတွေကို အမြောက်အများ ထုတ်လုပ်နိုင်ခဲ့တယ်။ အဲဒီခေတ်က မြင်းမပါတဲ့ စက်တပ်လှည်းဟာ သူဌေးတွေပဲ စီးနိုင်တဲ့ဇိမ်ခံပစ္စည်းဖြစ်နေတုန်းပါပဲ။ ဖို့ဒ်က သူ့ကားကို လူအများကို ရောင်းချင်ပေမဲ့ သူ့ရဲ့ကုမ္ပဏီက အဲဒီအကြံကို သဘောမတူတဲ့အတွက် အလုပ်ကထွက်ပြီး ကိုယ်ပိုင်ကုမ္ပဏီထူထောင်ခဲ့တယ်။ ရှစ်နှစ်အတွင်းမှာ ကားအရေအတွက် ၅ သိန်းနီးပါး ထုတ်လုပ်နိုင်ခဲ့တယ်။ ပြီးတော့ ဈေးနှုန်းကိုလည်း ဒေါ်လာ ၈၅၀ ကနေ ၃၆၀ ထိလျှော့ချနိုင်ခဲ့တယ်။ ဖို့ဒ်ရဲ့အိပ်မက်တွေ တကယ်ဖြစ်လာပြီပေါ့။

"အိပ်မက်ရှိတဲ့လူဟာ ဘာတွေကိုပေးဆပ်ရမလဲ
ဆိုတာလည်း သိတယ်၊ ပေးဆပ်ဖို့လည်း
အဆင့်သင့်ရှိပါတယ်။"

ခုဆိုရင် ဖို့ဒ်ဟာ ဉာဏ်ကြီးရှင်တစ်ယောက် အမြောက်အမြားထုတ်လုပ်မှုကို စတင်ခဲ့တဲ့ စွန့်ဦးတီထွင်လုပ်ငန်းရှင်တစ်ယောက်အဖြစ် အသိအမှတ် ပြုခံနေရပါပြီ။ သူဘာကြီးပဲဖြစ်နေပါစေ၊ သူ့ရဲ့အဓိကတွန်းအားက သူ့ရဲ့အိပ်မက်နဲ့ အဲဒီအိပ်မက်ကို တစိုက်မတ်မတ် အကောင်အထည် ဖော်ခြင်းတို့ပါပဲ။

mgyoe.com

mgyoe.com


အိပ်မက်တွေဟာ ကျွန်တော်တို့ကို နည်းလမ်းပေါင်းများစွာနဲ့ အကျိုးပြုပါတယ်။

**အိပ်မက်တွေက ဦးတည်ရာကို လမ်းညွှန်ပါတယ်။**

ဘဝမှာ ဘယ်သွားရမှန်းမသိတဲ့ လူတွေအရမ်းကြီး အောင်မြင်နေတာ တွေ့ဖူးပါသလား။ ကျွန်တော်ကတော့ မတွေ့ဖူးပါဘူး။ ကျွန်တော်တို့မှာ ရည်မှန်းချက်ထားဖို့ ထိုက်တန်တဲ့ အရာတစ်ခုခု လိုအပ်ပါတယ်။ အိပ်မက်တွေက အဲဒီလိုအပ်တဲ့အရာကို ပေးနိုင်ပါတယ်။ အိပ်မက်တွေနဲ့ ဖြစ်ချင်စိတ်ဟာ ကျွန်တော်တို့ရဲ့ သံလိုက်အိမ်မြှောင်လေးတွေပါပဲ။ ဘယ်လားရာကို ဦးတည်ပြီး ခရီးသွားရမယ်ဆိုတာကို ပြသပေးနိုင်ပါတယ်။ ပြီးတော့ ကျွန်တော်တို့ လားရာအမှန်ကို ဦးမတည်နိုင်မချင်း ကျွန်တော်တို့ရဲ့ ကြိုးစားမှုတွေ၊ လှုပ်ရှားမှုတွေက တကယ်အလုပ်ဖြစ်မဖြစ် မသိနိုင်ပါဘူး။ တစ်ခါတစ်ရံ နောက်ပြန်သွားနေတာတောင် ဖြစ်နိုင်ပါသေးတယ်။

**အိပ်မက်တွေက ကျွန်တော်တို့ရဲ့ ဖြစ်နိုင်ခြေနဲ့ အလားအလာကို တိုးတက်စေပါတယ်။**

အိပ်မက်တွေမရှိရင် ကျွန်တော်တို့ရဲ့ ဖြစ်နိုင်ခြေနဲ့ အလားအလာကို တွေ့မြင်နိုင်ဖို့ ခက်ခဲပါလိမ့်မယ်။ ဘာလို့ဆို ကျွန်တော်တို့ လက်ရှိအခြေအနေထက် ရှေ့ကိုမျှော်ပြီး စဉ်းစားမိမှာ မဟုတ်လို့ပါ။ ဒါပေမဲ့ အိမ်မက်တွေနဲ့ဆိုရင်တော့ ကျွန်တော်တို့ရဲ့ဘဝကို ပုံစံအသစ်နဲ့ မြင်တတ်လာပြီး ကြီးမားတဲ့ဖြစ်နိုင်ခြေနဲ့ အလားအလာရှိတာကို သိနိုင်ရုံသာမက မိမိကိုယ်ကို တိုးတက်ဖို့ အစွမ်းကုန်ဆန့်ထုတ်ပြီး အဲဒီနေရာကို အရောက်လှမ်းဖို့ ကြိုးစားချင်စိတ်တွေ ဖြစ်ပေါ်လာမှာဖြစ်ပါတယ်။ သင့်ရဲ့အိပ်မက်နဲ့ ဖြစ်ချင်စိတ်ကသာ အမှန်ကြီးမြတ်မယ်ဆိုရင် သင့်ရဲ့ အောင်မြင်နိုင်ခြေ

mgyoe.com

mgyoe.com


လည်း ကြီးမားမှာ အမှန်ပါပဲ။ လူတွေ ကိုယ့်ကိုယ်ကိုယ်ရဲ့အမြင်တွေကပဲ တားဆီးပိတ်ပင်ထားကြတာပါ။

**အိပ်မက်တွေက ဘာကိုဦးစားပေးရမလဲဆိုတာ သိစေတယ်။**

အိပ်မက်တွေဟာ အနာဂတ်အတွက် ရည်မှန်းချက်တွေကို သယ်ဆောင်လာပေးရုံသာမက ပစ္စုပ္ပန်မှာလည်း သူ့ရဲ့ပါဝါတွေရှိပါတယ်။ ကျွန်တော်တို့လုပ်သမျှ အရာတိုင်းမှာ ဦးစားပေးအရာတွေ သတ်မှတ်နိုင်ဖို့ သူတို့က ကူညီပေးပါတယ်။ အိပ်မက်တွေနဲ့ လူတစ်ယောက်ဟာ ဘာကိုစွန့်လွှတ်ရမယ်ဆိုတာ ကောင်းကောင်းသိပါတယ်။ သူဟာ အရာရာတိုင်းကို သူ့ရဲ့အိပ်မက်တစ်ခု ရယူရေးမှာ ဘယ်လောက်အကျိုးသက်ရောက်မှုရှိသလဲဆိုတာနဲ့ တိုင်းတာပါတယ်။ သူ့ရဲ့အိပ်မက်ကို အကျိုးပြုမယ့်အရာတွေအတွက် အရေးမကြီးတဲ့ အရာတွေကို စွန့်လွှတ်ဖို့ သူဝန်မလေးပါဘူး။

ဒါပေမဲ့ အများစုကတော့ ဆန့်ကျင်ဘက်ပဲ လုပ်ကြပါတယ်။ သူတို့ရဲ့ အိပ်မက်တစ်ခုတည်းကိုပဲ အာရုံစိုက်ထားရမယ့်အစား အရာရာကို လမ်းဖွင့်ပေးထားကြတယ်။ သူတို့တကယ်လည်း လုပ်ကြည့်ကြရော ပြဿနာတွေ တွေ့တော့တာပဲ။ သူတို့ရဲ့ဆုံးဖြတ်ချက်မှာ အာရုံစိုက်ထားရမယ့် တစ်ခုတည်းသော အိပ်မက်ဆိုတာမရှိတဲ့အခါ သူတို့ ဆုံးဖြတ်ရခက်ခဲပြီပေါ့။ အခွင့်အလမ်းတွေကြား ဗျာများနေရတာနဲ့ပဲ ဘယ်အခွင့်အလမ်းကိုမှ ဆုပ်ကိုင်ပြီး တိုးတက်အောင်လုပ်နိုင်မှာ မဟုတ်ပါဘူး။ တစ်ခုတည်းသော သင်အရမ်းဖြစ်ချင်သော အိပ်မက်တွေသာရှိနေရင် သင်အဲဒီလို ပြဿနာမျိုးဖြစ်စရာအကြောင်း မရှိပါဘူး။ သင့်အိပ်မက်နဲ့ မဆိုင်တဲ့ အခြားအရာတွေကို စွန့်လွှတ်လိုက်ပါ။ အရေးမကြီးပါဘူး။ သင့်ဘဝကို တကယ်ပြောင်းလဲနိုင်မယ့်အရာ အနည်းငယ်အပေါ် ပိုပြီး

mgyoe.com

mgyoe.com


အာရုံစိုက်နိုင်ဖို့ အချိန်တွေရလာပါလိမ့်မယ်။

**အိပ်မက်တွေက ကျွန်တော်တို့ရဲ့ အလုပ်တွေမှာ တန်ဖိုးတွေ ပေါင်းထည့်ပေးပါတယ်။**

အိပ်မက်တွေဟာ ကျွန်တော်တို့လုပ်နေတဲ့ အရာတိုင်းအပေါ် အမြင်တစ်ခုပေါင်းထည့်ပေးပါတယ်။ ဘယ်လောက်ပဲ ပျင်းရိဖို့ကောင်းတဲ့ စိတ်မပါလက်မပါနဲ့ခံစားရတဲ့ အလုပ်ဖြစ်ပါစေ။ အိပ်မက်တွေကို ဖြည့်ဆည်းဖို့ လုပ်နေရတယ်ဆိုတဲ့အသိက ကျွန်တော်တို့ရဲ့ စိတ်ဓာတ်အင်အားကိုရော၊ လုပ်ရည်ကိုင်ရည်ကိုပါ တိုးတက်လာနိုင်စေပါတယ်။ အဲဒီလိုနဲ့ အလုပ်တိုင်းကို မိမိအိပ်မက်နဲ့ချိတ်ဆက်နိုင်ပြီး အလုပ်တိုင်းမှာ စွမ်းဆောင်ရည်တွေ ပိုပြီးတိုးတက်လာနိုင်မှာ ဖြစ်ပါတယ်။ အချို့က ငွေအတွက် အလုပ်လုပ်ကြတယ်။ အချို့က ခိုင်းလို့လုပ်ကြတယ်။ အချို့ကတော့ ရည်မှန်းချက်အတွက် လုပ်ကြတယ်။ သုံးယောက်စလုံးက ကူညီတဲ့ အလုပ်အကိုင်တွေကို လုပ်နေရင်တောင်မှ သူတို့ရဲ့ စွမ်းဆောင်ရည်နဲ့ လုပ်ရည်ကိုင်ရည်ဟာ တူမှာမဟုတ်ပါဘူး။ အိပ်မက်နဲ့ဖြစ်ချင်စိတ်ကတွန်းအားပေးတဲ့အလုပ်တွေမှာ ရလဒ်တွေ ပိုကောင်းနေမှာ အမှန်ပါပဲ။ ပြီးတော့ စေတနာပါရင် ရလဒ်ပိုကောင်းတယ်ဆိုသလိုပါပဲ အိပ်မက်က သင့်ရဲ့ စေတနာနဲ့ ခွန်အားစိုက်ထုတ်မှုကိုလည်း တိုးတက်စေပါလိမ့်မယ်။

**အိပ်မက်တွေက ကျွန်တော်တို့ရဲ့ အနာဂတ်ကို ခန့်မှန်းပါတယ်။**

အိပ်မက်တွေဆိုတာ ကျွန်တော်တို့ ဘာဖြစ်မလဲဆိုတာပါပဲ။ ကျွန်တော်တို့ရဲ့ အနာဂတ်ကို ကျွန်တော်တို့ရဲ့ အိပ်မက်တွေကတစ်ဆင့် ခန့်မှန်းနိုင်ပါတယ်။ အိပ်မက်တွေနဲ့ ရည်ရွယ်ရာတွေကို တစ်ခုဖြည့်ရင်း နောက်ထပ်တစ်ခုဆီသွားရင်းနဲ့ တစ်ဆင့်ပြီးတစ်ဆင့် တက်လှမ်းသွား

mgyoe.com

mgyoe.com


နိုင်မယ်ဆိုရင် ကျွန်တော်တို့ အလားအလာရှိသမျှ ရနိုင်ပြီပေါ့။

ကျွန်တော်တို့မှာ အိပ်မက်တွေရှိရင်၊ ဘာဖြစ်လာမလဲ၊ အဆင်ပြေပါ့မလားဆိုပြီး ထိုင်စောင့်နေစရာမလိုတော့ပါဘူး။ ကျွန်တော်တို့ရဲ့ လားရာနဲ့ ဘဝရဲ့ အဓိပ္ပာယ်ကို ကိုယ်တိုင်တက်တက်ကြွကြွ အိပ်မက်တွေက တစ်ဆင့် ပုံဖော်ခန့်မှန်းနိုင်မှာ ဖြစ်ပါတယ်။ အိပ်မက်တွေဟာ တကယ်သာရယူပိုင်ဆိုင်နိုင်ခဲ့ရင် အနာဂတ်အတွက် အကောင်းဆုံးခန့်မှန်းမှုတွေ ဖြစ်လာနိုင်မှာပါ။ အပြည့်အဝအာမခံတယ်လို့တော့ ပြောလို့ မရပါဘူး။ ဒါပေမဲ့ အောင်မြင်ဖို့ အခွင့်အလမ်းတွေ တိုးတက်လာတာတော့ အမှန်ပါ။

အိပ်မက်တွေမက်ပါ။ အဲဒီအိပ်မက်အတိုင်း ဆောင်ရွက်ပါ။ သင့်အိပ်မက်အတိုင်း သင့်ဘဝဖြစ်လာမှာပါ။ ဒါကြောင့် မိမိမက်တဲ့ အိပ်မက်နဲ့ မိမိရဲ့အလုပ်ဟာ မိမိရဲ့အနာဂတ်အတွက် ခန့်မှန်းမှုတွေပါပဲ။ ဗေဒင်တွေ မေးစရာမလိုဘူး။ စိုးရိမ်စွာနဲ့ စောင့်ဆိုင်းနေစရာလည်း မလိုတော့ပါဘူး။ သင့်မှာ သေချာပေါက်ခန့်မှန်းနိုင်တဲ့ အိပ်မက်တွေ ရှိနေရင်ပေါ့။

* * *

## အိပ်မက်တစ်ခုတည်ဆောက်ဖို့ အဆင့်တွေ

အနာဂတ်ရည်မှန်းချက်နဲ့ အိပ်မက်တွေအကြောင်း၊ အိပ်မက်ရှိတယ်ဆိုတာ ဘာလဲဆိုတဲ့အကြောင်းကို နှစ်ပေါင်းများစွာ ကျွန်တော်လေ့လာခဲ့တယ်။ ဘာဖြစ်လို့ဆို အဲဒါတွေဟာ ခေါင်းဆောင်မှုပညာရဲ့ အဓိကအရေးကြီး အစိတ်အပိုင်းတွေဖြစ်နေလို့ပါ။ အိပ်မက်မက်နေတဲ့ လူတွေနဲ့ အိပ်မက်ကို တကယ်ဖြစ်ဖို့လုပ်နေတဲ့ လူတွေကြား ကြီးမားတဲ့ ကွဲပြားခြားနားမှုတွေကို ကျွန်တော် တွေ့ရှိခဲ့ပါတယ်။

နီလန်ဘု(ရှ်)နဲလ် ဆိုတဲ့ ပုဂ္ဂိုလ်က ပြောခဲ့ဖူးတယ်။ "လူတိုင်းက

mgyoe.com

mgyoe.com


တော့ ရေချိုးနေရင်း အိုင်ဒီယာရခဲ့ကြတာပဲ။ ဒါပေမဲ့ အောင်မြင်တဲ့ လူတွေကတော့ ရေချိုးခန်းထဲကထွက်ပြီး၊ ရေသုတ်ပြီးတာနဲ့ အဲဒီအိုင်ဒီယာကို အကောင်အထည်ဖော်တော့တာပါပဲ”တဲ့။

အောင်မြင်တဲ့အိပ်မက်တွေဖြစ်နိုင်ဖို့ အချို့အချက်တွေကို ဖော်ပြပေးလိုက်ပါတယ်။ ကျွန်တော့်ရဲ့အတွေ့အကြုံနဲ့ တွေ့ရှိမှုတွေအပေါ် မူတည်ပြီးတော့ပေါ့။

**ငါထင်တယ်**

ဖြစ်စဉ်ကြီးတစ်ခုလုံးက အိုင်ဒီယာမျိုးစေ့လေးတစ်ခုက စပါတယ်။ အဲဒီအိုင်ဒီယာလေးက ဘယ်ကလာသလဲဆိုရင် ရင်ထဲ အသည်းထဲက တောင့်တနေတဲ့ဖြစ်ချင်စိတ်တွေကနေ လာတာပါ။ လူတော်တော်များများက နယ်ပယ်တစ်ခုမှာ နှစ်ပေါင်းများစွာ အလုပ်လုပ်ပြီးမှ အိုင်ဒီယာလေးတစ်ခုကို ဖျတ်ခနဲရတတ်ကြပါတယ်။ အချို့က ဘုရားရှိခိုးနေတဲ့အချိန် ရတတ်ပါတယ်။ အချို့က သူတို့ရဲ့ အတိတ်က တွန်းအားပေးလို့ ဖြစ်ပါတယ်။ သင်ဒီအဆင့်ကို ဖြတ်သန်းကြုံတွေ့ပြီး ဖြစ်မှာပါ။ သင့်ရဲ့ အိပ်မက်ကိုလည်း တွေ့ရှိပြီး ဖြစ်မှာပါ။ မဖြစ်သေးရင်တော့ အောက်ပါ အဆင့် (၅) ဆင့်က သင့်ကို ကူညီနိုင်မှာပါ။

**၁။ သင့်ရဲ့ အောင်မြင်နိုင်စွမ်းအပေါ် ယုံကြည်လိုက်ပါ။**

ကျွန်တော်ပြောခဲ့ဖူးပါတယ်။ လူတစ်ယောက်က ကြာကြာဟန်ဆောင်လို့ မရပါဘူး။ ကိုယ့်ကိုယ်ကိုယ်ထင်တဲ့၊ ကိုယ့်ကိုယ်ကိုယ် မြင်တဲ့ ပုံစံနဲ့လွဲပြီး ကြာကြာဟန်မဆောင်နိုင်ပါဘူး။ သင်အောင်မြင်ချင်တယ်ဆိုရင် သင့်ကိုယ်သင် အောင်မြင်နိုင်တယ်လို့ ယုံကြည်မှုဖြစ်ပါတယ်။ သင်ဟာသင့် အိပ်မက်တွေကို ရှာဖွေတွေ့ရှိနိုင်တဲ့သူဖြစ်ကြောင်း သင့်

mgyoe.com

mgyoe.com


ကိုယ်သင် အသိအမှတ်ပြုမှ သင့်အိပ်မက်တွေကို သင်ရှာဖွေတွေ့ရှိမှာပေါ့။ သင်ဟာ ညဏ်ကြီးရှင်ဖြစ်စရာ၊ ချမ်းသာစရာ၊ ကံကောင်းစရာ မလိုပါဘူး။ အဲဒါကို ဖြစ်မယ်လို့ ယုံကြည်ဖို့ပဲ လိုတာပါ။

**၂။ သင့်ရဲ့မာနကနေ လွတ်မြောက်အောင်လုပ်ပါ။**

တစ်ကိုယ်ကောင်းစိတ် သိပ်များနေတဲ့ လူတွေ မိမိကိုယ်ကို အထင်ကြီးနေတဲ့သူတွေဟာ ဘဝကို ပြောင်းလဲဖို့ သိပ်မစဉ်းစားကြပါဘူး။ သင့်မာနက သင့်ကို တစ်ခုခုဆိုမေးဖို့ စူးစမ်းဖို့ ကြောက်ရွံ့စေပါလိမ့်မယ်။ သင့်ရဲ့ သက်တောင့်သက်သာ အခြေအနေလေးမှာပဲ နေစေပါလိမ့်မယ်။ သင့်ရဲ့မာနက သင့်ကို တစ်ခုခုမှားသွားမှာကို ကြောက်ရွံ့နေစေပါလိမ့်မယ်။ မာနက သင့်ရဲ့ အလားအလာအတွက်၊ သင့်ရဲ့ယခုပုံရိပ်ကို ပိုပြီးအာရုံစိုက်စေပါလိမ့်မယ်။ သင့်ရဲ့ စွန့်စားချင်စိတ်ကိုလည်း တားဆီးမှာဖြစ်လို့ မိမိကိုယ်ကို အထင်ကြီးမာနထားတဲ့အကျင့်ကို ခုတည်းက မေ့ဖျောက်ပစ်လိုက်ပါ။

**၃။ ခိုင်မာတဲ့ မကျေနပ်မှုကို ပုံဖော်ပါ။**

တစ်စုံတစ်ရာကို မကျေနပ်မှုက လူတွေကို သူတို့ရဲ့ အိပ်မက်တွေကို ရှာဖွေဖို့ တွန်းအားပေးမှာပါ။ တွေးကြည့်ပါ။ တီထွင်မှုတိုင်းဟာ မကျေနပ်မှုကြောင့် ဖြစ်လာရတာပါ။ တီထွင်သူတိုင်းဟာ သူ့ရဲ့ ရှိနေတဲ့ အခြေအနေတစ်ခုကို လက်မခံမကျေနပ်နိုင်လို့ နည်းလမ်းတစ်ခု ရှာရင်ရှာ၊ မရှာရင်ပစ္စည်းအသစ်တစ်ခု တီထွင်ခဲ့ကြတာပါ။

သင့်အတွက်လည်း ဒီတိုင်းပါပဲ။ မိမိကိုယ်ကို ကျေနပ်တင်းတိမ်နေမှုဟာ ဘယ်တော့မှအောင်မြင်မှုကို မထူထောင်လာနိုင်ပါဘူး။ အပေါ်ိ:လက္ခဏာဆောင်တဲ့ အပြောင်းအလဲတွေကို သင်လိုချင်ရပါ

mgyoe.com

mgyoe.com

မယ်။ သင့်ကိုယ်သင် မကျေနပ်နိုင်သေးမှုကပဲ သင့်ရဲ့ အလားအလာရှိရာ ဆီ တွန်းပို့ပေးသွားမှာပါ။

၄။ အလေ့အကျင့်တွေကနေ ရုန်းထွက်ပါ။

အလေ့အကျင့်ဆိုတာ တွေးစရာမလိုဘဲ သင်လုပ်နေတဲ့အရာတွေ ကို ဆိုလိုတာပါ။ အလေ့အကျင့်တွေက အိပ်မက်တွေကို သတ်ပစ်နိုင် ပါတယ်။ သင်မတွေးတော့တာနဲ့ သင့်ရဲ့ အိပ်မက်နဲ့ စူးစမ်းလေ့လာမှု တွေ ရပ်သွားပါလိမ့်မယ်။ ဘာဖြစ်နိုင်လဲဆိုတာ မစဉ်းစားဘဲ ဖြစ်နေတာ ကိုပဲ လက်ခံတတ်လာပါလိမ့်မယ်။ အလေ့အကျင့်တွေဟာ တဖြည်းဖြည်း နဲ့ သင့်ရဲ့ဖြစ်နိုင်ချေ၊ အလားအလာတံခါးတွေလို ပိတ်ပစ်နေတာပါ။

၅။ သင့်ရဲ့ တီထွင်ဖန်တီးမှုနဲ့ အကျင့်စရိုက်တို့ ညီမျှပါစေ။

တီထွင်ဖန်တီးမှုက သင့်ကို နိစ္စဓူဝအလေ့အကျင့်တွေထဲက ဖောက် ထွက်နိုင်စေပေမဲ့ သင့်ရဲ့ အကျင့်စရိုက်ကလိုက်မလာဘူးဆိုရင် ဘာမှ ဖြစ်မှာမဟုတ်ပါဘူး။ အောင်မြင်တဲ့လူတွေဟာ တွေးခေါ်စဉ်းစားဖို့ လုံ လောက်တဲ့တီထွင်ဆန်းသစ်ဉာဏ်ရှိကြပြီး၊ အဲဒီအိပ်မက်တွေကို စမ်းသပ် ဖို့လည်း လုံလောက်တဲ့ အကျင့်စရိုက်ရှိကြပါတယ်။ သင်အိပ်ရာက ထပြီး၊ အလုပ်မလုပ်မချင်း သင့်ရဲ့ အိပ်မက်တွေ အလုပ်ဖြစ်မှာမဟုတ်ပါ ဘူး။

ငါသိပြီ။ ငါဖမ်းဆုပ်မိပြီ။

ဒါဟာ သင့်ရဲ့အိပ်မက်ကို ရှာဖွေတွေ့ရှိတဲ့ အခိုက်အတန့်ပါ။ ဒါပေမဲ့ အဲဒီအဆင့်ချည်းသက်သက်နဲ့တော့ သင့်ရဲ့ အောင်မြင်ခြင်းခရီး စဉ်ကို အောင်မြင်နိုင်စေမှာ မဟုတ်ပါဘူး။ အောင်မြင်တဲ့အိပ်မက်တစ်ခု

mgyoe.com

mgyoe.com


ကို တည်ဆောက်ရေးဟာ ဖြစ်စဉ်တစ်ခုပါ။ နောက်တစ်ဆင့်က သင့်ရဲ့ အိပ်မက်အပေါ် စိတ်ပိုင်းဆိုင်ရာအရ နက်နက်နဲနဲ ရင်းနှီးမြှုပ်နှံဖို့ပါ။ သင့်ရဲ့ အတွေးအခေါ်တွေထက်ကျော်လွန်ပြီး သင်လိုလိုလားလားဖြစ်တဲ့ ခံစားချက်အချို့ကို မွေးမြူဖို့ ဖြစ်ပါတယ်။

## ငါရှာဖွေတွေ့ရှိခဲ့ပြီ။

အီတလီရှေးဟောင်းစကားပုံတစ်ခုရှိပါတယ်။ "အပြောနဲ့အလုပ်ကြားမှာ၊ ဖိနပ်ပေါင်းများစွာ ပါးသွားခဲ့ပါပြီတဲ့။" လူအများစုက အိပ်မက်တွေ ရှိကြတယ်။ ပြီးတော့ အဲဒီအိပ်မက်အပေါ်မှာလည်း လိုချင်တဲ့ ခံစားချက် ခိုင်ခိုင်မာမာရှိကြတယ်။ ဒါပေမဲ့ သူတို့နဲ့ တကယ်အောင်မြင်တဲ့အိပ်မက်ရှင်တွေကြား ခွဲခြားလိုက်တဲ့အချက်က မိမိအိပ်မက်ကို တစိုက်မတ်မတ် အကောင်အထည်ဖော်ခြင်းပါပဲ။ ငါဖမ်းဆုပ်မိပြီနဲ့ ငါရှာဖွေတွေ့ရှိခဲ့ပြီးပြီဆိုတဲ့ အဆင့်နှစ်ခုအကြားမှာ အိပ်မက်တွေဟာ ပျောက်ပျက်သွားတာ မဟုတ်ပါဘူး။ အဖျားရှူးသွားတာပါ။ မက်မောစိတ်နဲ့ တစိုက်မတ်မတ် ကြိုးစားစိတ်တွေ လိုပါတယ်။ တကယ်ဖြစ်လာဖို့ဆိုရင်တော့ သင့်အိပ်မက်ကို ရှာတွေ့တာနဲ့ အဲဒီနောက်ကို တစိုက်မတ်မတ် သာ လိုက်ပါ။

## အချို့က သင်အိပ်မက်ကို သတ်ပစ်လိမ့်မယ်။

အစပိုင်းတွေမှာ အိပ်မက်တွေဟာ သိပ်ကိုကြေကွဲလွယ်၊ ပျောက်ပျက်လွယ်၊ အဖျားရှူးလွယ်တဲ့အရာတွေပါ။ ဘာလို့ဆို သူတို့ဟာ သိပ်သစ်လွင်နေသေးလို့ပါ။ သူတို့ကို တိုးတက်ဖို့၊ ကြီးမားဖို့ မလုပ်နိုင်သေးလို့ပါ။ သစ်ပင်တစ်ပင်က တစ်နှစ်သားပဲ ရှိသေးရင် အလွယ်တကူ ဆွဲနုတ်ပစ်နိုင်သလိုပေါ့။ ဒါပေမဲ့ ခိုင်မာဖို့အချိန်တော်တော်ယူပြီးရင်လည်း

mgyoe.com

mgyoe.com


ဟာရိကိန်းတောင် သူ့ကို ဆွဲနှုတ်ဖို့ ခက်ခဲသွားပါလိမ့်မယ်။

ဒီအဆင့်မှာလည်း အိပ်မက်တွေဟာ အသတ်ခံရနိုင်ပါတယ်။ သင့်ရဲ့အရင်းနှီးဆုံး သူငယ်ချင်းတွေနဲ့ မိသားစုဝင်တွေဟာ သင့်အတွက် အကြီးမားဆုံးတိုက်ခိုက်သူတွေပါပဲ။ ကျွန်တော်တို့ရဲ့ မျှော်လင့်ချက်နဲ့ ဖြစ်ချင်စိတ်တွေဟာ သူစိမ်းတွေရဲ့ဝေဖန်မှုကို ခံနိုင်ပေမဲ့ ကိုယ်ချစ်တဲ့ လူတွေက ပြောလာရင်တော့ ဆက်လက်ရှင်သန်ဖို့ ခက်ခဲနိုင်ပါတယ်။

**ငါရပြီ။ နောက်ဆုံးတော့ အနိုင်အမာဖြစ်သွားပြီ။**

ငါရပြီဆိုတဲ့အဆင့်ထိ မရောက်ခင် ဘယ်လောက်ကြာကြာ ကြံ့ခံနေရမယ်ဆိုတာကို အများစုက မသိနိုင်ကြပါဘူး။ အောင်မြင်မှုဆိုတာ တစ်လက်မချင်း၊ တစ်လက်မချင်းသွားမှရမှာပေါ့။ တစ်ဖိုင်ကို မျှော်မှန်းနေလို့ကတော့ သင့်ဘဝမှာ ဘာမှလက်တွေ့လုပ်ဖြစ်မှာ မဟုတ်ပါဘူး။

သင့်ရဲ့ အိပ်မက်တွေအပေါ် ကြံ့ကြံ့ခိုင်နိုင်စွမ်းဟာ သင်ထင်တာထက် ပိုနိုင်ပါတယ်။ ပြီးတော့ သင့်ရဲ့အိပ်မက်တွေကို 'ငါရပြီ'ဆိုတဲ့ အဆင့်ထိရောက်ဖို့ သင်ထင်တာထက် ပိုနီးနေနိုင်ပါတယ်။ သင် ဇွဲသတ္တိနဲ့ တစိုက်မတ်မတ်လုပ်ဖို့ စိတ်ဓာတ်တော့ လိုပါလိမ့်မယ်။ သင့်နားက အရင်းနှီးဆုံးလူတွေရဲ့ သံသယနဲ့ ဝေဖန်မှုကိုလည်း သင့် ကြံ့ကြံ့ခံနိုင်ဖို့ လိုပါလိမ့်မယ်။

သင်လုပ်နိုင်လိုက်တဲ့အခါ သင်လည်း ရွှေပန်းကန်လုံးဆုရှင် ဂျိုးနာဖက်(သ်) လိုပြောမိမှာပါ။ သူကဘာပြောခဲ့သလဲဆိုရင် "သင်အနိုင်ရတဲ့အခါ နာကျင်မှုဆိုတာမရှိတော့ပါဘူး"တဲ့။

"သင်အနိုင်ရတဲ့အခါ ဘာကမှမနာကျင်တော့ဘူး။"

mgyoe.com

**အချို့ကတော့ သင့်ကို တိုက်ခိုက်ကြလိမ့်မယ်။**

သင်အပေါ်ကအဆင့်ကို ရောက်တိုင်း သင်နဲ့အတူ လူတိုင်းက ပျော်ရွှင်နိုင်လိမ့်မယ်လို့ မထင်ပါနဲ့။ သင့်ရဲ့ အိပ်မက်တွေ တကယ်ဖြစ်လာတဲ့အခါ သင်တွေ့ရမယ့် လူတွေမှာ နှစ်မျိုးနှစ်စား ကွဲနေပါလိမ့်မယ်။

**မီးသတ်သမား** – ဒီလူတွေက သင့်ရဲ့အိပ်မက်အတွက် သင့်ရဲ့ဘယ်လိုစိတ်အားထက်သန်မှု မီးတောက်ကိုမဆို ငြိမ်းသတ်ပစ်ကြပါလိမ့်မယ်။ သင်ဘာပဲဖြစ်ဖြစ် သူတို့ဆန့်ကျင်ကြပါလိမ့်မယ်။ သင့်ကို သူတို့ဝေဖန်တဲ့အခါတိုင်း သူတို့ နောင်တရရမယ်လို့ တွေးပါ။ ပြီးတော့ သင်ဘာပဲလုပ်လုပ် သင်ဘာပဲပြောပြောသူတို့ရဲ့ အကျင့်ကိုပြောင်းနိုင်မှာ မဟုတ်ပါဘူး။

**မီးထွန်းသမား** – ဒီလူတွေက သင့်ကိုကူညီမယ့်သူတွေပါ။ တောက်မည့်မီးခဲတရဲရဲဖြစ်နေတဲ့ သင့်ရဲ့အရှိန်ကို မီးထိုးလှုံ့ဆော်ပေးကြမယ့် လူတွေပါ။ သင့်အောင်မြင်မှုကို ပိုမိုမြင့်မားစေမယ့် လူတွေပေါ့။

သင်တစ်ခါတစ်ရံ သင့်ကို ကူညီချင်တဲ့လူ၊ သင့်ကို နှောင့်ယှက်မယ်လူတွေနဲ့ ပတ်သက်ပြီး သင့်အိပ်မက်တွေကို အကောင်အထည်ဖော်တဲ့အခါ သင့်အံ့သြရပါလိမ့်မယ်။ ဟာသပုံပြင်လေးတစ်ခု ပြောပြချင်ပါတယ်။ ကနေဒီယန်းငှက်တစ်ကောင်ဟာ တောင်ဘက်ပိုင်းအိမ်ကို ဆောင်းခိုပျံသန်းဖို့ သိပ်ဝေးတယ်လို့ ဆုံးဖြတ်ခဲ့တယ်။ သူက သူ့ကိုယ်သူ ပြောတယ်။ အခြားသော တိရစ္ဆာန်တွေလိုပဲ သူလည်း ဆောင်းရာသီကို ကြံ့ကြံ့ခံနိုင်မယ်လို့ပေါ့။ အဲဒါနဲ့ အခြားငှက်တွေအားလုံး ပူနွေးတဲ့တောင်အမေရိကတိုက်ဆီ ပျံသန်းသွားတဲ့အခါ သူပဲ ကျန်နေရစ်ခဲ့ပါတယ်။ ဆောင်းရာသီကို စောင့်ဆိုင်းရင်းပေါ့။

mgyoe.com

mgyoe.com


နိုဝင်ဘာလကုန်မှာ သူဟာ ဒုတိယအတွေးကိုရပါတယ်။ သူတစ်ခါမှ အအေးကို မခံစားဖူးဘူး။ အစာလည်းရှာလို့ရမှာမဟုတ်ဘူးလို့ဆိုပြီးတော့ပေါ့။ နောက်ဆုံးတော့ သူဆုံးဖြတ်လိုက်တာက သူတောင်ပိုင်းကို တစ်ကောင်တည်းပျံသန်းလာခဲ့တယ်။ သိပ်မကြာခင်မှာပဲ မိုးရွာလာပြီး သူ့ရဲ့အတောင်တွေ ခဲသွားခဲ့တယ်။ သူထက် မပျံနိုင်တော့ဘူး။ သေတော့မှာပဲလို့ စဉ်းစားပြီး သူမြေပြင်ပေါ်ကို ဆင်းသက်လာခဲ့တယ်။ မြေပြင်ပေါ်ရောက်တော့ နွှံ့တွေကြားရောက်ပြီး နွားတစ်ကောင်ကတောင် သူ့အပေါ်က နွှံ့တွေကြား ဖြတ်နင်းသွားတော့ နွှံ့တွေကြားမှာ သူသေဖို့ နောက်ဆုံးအချိန်ကို စောင့်နေမိပါတယ်။ ဒါပေမဲ့ တဖြည်းဖြည်းနဲ့ သူ့အတောင်ပံတွေ အရည်ပျော်လာပြီး သူ့ရဲ့ သွေးလည်ပတ်မှုပုံမှန်ပြန်ဖြစ်လာတာကို တွေ့ရပါတယ်။ သူတစ်ခါပြန်ပြီး ပျံသန်းနိုင်ပြီလို့ သူသိသွားခဲ့တယ်။ ပျော်လွန်းလို့ သူဟာ သီချင်းတောင်ဆိုခဲ့ပါသေးတယ်။

အဲဒီအချိန်မှာပဲ လယ်သမားရဲ့ ကြောင်မြီးတိုဟာ ငှက်တစ်ကောင်နဲ့ သီချင်းဆိုသံကို ကြားတော့ သူမယုံနိုင်ဘူးဖြစ်သွားတယ်။ ပြီးတော့ ငှက်တွေအားလုံးတောင်ပိုင်းကို ပျံသွားပြီမဟုတ်ဘူးလားလို့လည်း တွေးနေမိတာပေါ့။ အဲဒါနဲ့ပဲ သူခွေနေရာကနေထွက်လာပြီး ငှက်တစ်ကောင်ကို တကယ်တွေ့လိုက်တော့ အသာအယာ အနားကပ်သွားပြီး အဲဒီငှက်ကို ကိုက်ဖြတ်သတ်စားလိုက်ပါတော့တယ်။

အဲဒီပုံပြင်နဲ့ပတ်သက်လို့ သင်ခန်းစာသုံးခုရပါတယ်။ အဲဒီအပေါ်နင်းဖြတ်သူတိုင်း သင့်ရဲ့ရန်သူမဟုတ်ပါဘူး။ သင့်အနားကို ကပ်လာသူတိုင်း သင့်ရဲ့မိတ်ဆွေ မဟုတ်ပါဘူး။ ပြီးတော့ သင့်နားကို ဘယ်သူပဲကပ်လာလာ တိတ်ဆိတ်စွာနေပါဆိုတာပါပဲ။ သင့်ရဲ့အိပ်မက်တွေကို အကောင်အထည်ဖော်တဲ့ နေရာမှာလည်း ဒီအတိုင်းပါပဲ။ သင့်သူငယ်ချင်းလို့ထင်ထားတဲ့ လူအချို့က သင့်ရဲ့အောင်မြင်မှုတွေကို တိုက်ခိုက်

mgyoe.com

mgyoe.com


ကြလိမ့်မယ်။ အချို့လူတွေက သင့်ကို မယုံနိုင်လောက်အောင် ကူညီကြပါလိမ့်မယ်။ ဒါပေမဲ့ သင့်ကို ဘယ်သူက ကူညီကူညီ တိုက်ခိုက်တိုက်ခိုက် သင့်အိပ်မက်အပေါ်ထားတဲ့ သင့်ရဲ့ အာရုံစူးစိုက်မှုကို လုံးဝပျောက်ပျက်မခံပါနဲ့။

## ငါသင်ကြားပေးနိုင်ပြီ

ရယူဖို့ထိုက်တန်တဲ့ အိပ်မက်တွေတိုင်းဟာ ဝေမျှဖို့လည်း ထိုက်တန်ပါတယ်။ ထို့အပြင် အဲဒီဝေမျှခြင်းဟာ သင့်ရဲ့အောင်မြင်မှုအတွက် အဓိကကျတဲ့ အစိတ်အပိုင်းတစ်ခုလည်း ဖြစ်နေပြန်ပါတယ်။ ဒါပေမဲ့ အဲဒါဟာ လူတိုင်းမြင်တဲ့အရာတော့ မဟုတ်ပါဘူး။ ကျွန်တော် သိသလောက်တော့ လူတွေက သူတို့ရဲ့အိပ်မက်တွေကို ရှာဖွေတွေ့ရှိပြီဆိုတာနဲ့ အဲဒီအိပ်မက်တွေအပေါ် သူတို့နည်းလမ်းတစ်ခု၊ နှစ်ခုနဲ့တုံ့ပြန်လေ့ရှိတယ်။ အချို့က သူတို့ရဲ့ အိပ်မက်တွေကို လျှို့ဝှက်ထားကြတယ်။ အဲဒီလိုလုပ်ရင်းနဲ့ပဲ သူတို့ရဲ့အိပ်မက်တွေဟာ ကျုံ့ကျုံ့သွားတယ်။ သူတို့က မဝေမျှတဲ့အခါ အဲဒီအိပ်မက်တွေ ရေရှည်တည်တံ့ဖို့ သူတို့မှာပဲ တာဝန်ရှိသလို ဖြစ်သွားလို့ပါ။ အခြားလူတွေဆီက အကူအညီတွေ မရနိုင်တော့ဘူး။ အရာရာဟာ သူတို့အပေါ်မှာပဲ မူတည်နေပါတော့တယ်။ အုပ်စုဖွဲ့လုပ်ရပ်ရဲ့ ကောင်းကျိုးတွေ၊ အတူတကွဝေမျှခံစားရခြင်းတွေ ဘာမှမရှိနိုင်တော့ပါဘူး။

ဒါပေမဲ့ သူတို့ရဲ့ အိပ်မက်ကိုဝေမျှတဲ့လူတွေကတော့ အဲဒီအိပ်မက်တွေ တိုးတက်လာတာကို တွေ့မြင်ရမှာပါ။ အိုင်ဒီယာအသစ်တွေကို ဝေမျှခြင်းဖြင့် အဲဒီထက်ကောင်းတဲ့ စုပေါင်းအိုင်ဒီယာအကြီးကြီးတစ်ခု ဖြစ်လာနိုင်သလို၊ တစ်ခါတစ်ရံ တစ်ဦးတစ်ယောက်တည်းအနေနဲ့ မတွေးမိတဲ့ ပျော့ကွက်ဟာကွက်တွေလည်း တွေ့လာနိုင်ပါတယ်။ တစ်ခါတစ်ရံ

mgyoe.com

mgyoe.com


ပါဝင်သူအချို့က သင့်အိပ်မက်ကို သူတို့အိပ်မက်အဖြစ်တောင် လက်ခံမှတ်ယူလာနိုင်ပါသေးတယ်။

သင့်ရဲ့အိပ်မက်ကို ဝေမျှတဲ့အခါ အောက်ပါအရာတွေနဲ့ ဖွဲ့စည်းထားတဲ့ရုပ်ပုံကားတစ်ချပ်အဖြစ် လူတွေကို ပြသပါ။ ဒါဆိုသူတို့ ပိုပြီးကောင်းကောင်းသဘောပေါက်နားလည်နိုင်ပြီပေါ့။

မိုးကုပ်စက်ဝိုင်း – မရေမတွက်နိုင်တဲ့ ဖြစ်နိုင်ခြေတွေရှိကြောင်းပြဖို့
နေမင်းကြီး – နွေးထွေးမှုနဲ့ မျှော်လင့်ချက်တွေပေးနိုင်ဖို့
တောင်တန်းတွေ– ကြုံတွေ့ရမယ့် စိန်ခေါ်မှုတွေကို ကိုယ်စားပြုဖို့
ငှက်တွေ – သိန်း၊ စွန်ငှက်လို ထိုးသုတ်မြန်ဆန်တတ်ဖို့
ပန်းပင်တွေ – ခဏရပ်ပြီး၊ ပန်းပွင့်တွေရဲ့အလှအပကို ခံစားတတ်ဖို့နဲ့ လမ်းခရီးမှာ ပျော်ရွှင်စေတတ်ဖို့
လမ်းကြောင်း – လားရာနဲ့လုံခြုံမှုကို ဖော်ပြဖို့၊ သင်ဟာ သူတို့ကို တောက်လျှောက်ဦးအောင်သွားမယ်အကြောင်း အာမခံဖို့
သင်ကိုယ်တိုင် – သူတို့နဲ့ သင့်ရဲ့အိပ်မက်အတွက် သင့်ရဲ့ကတိကဝတ်ကို ပြသမှုတို့ပဲ ဖြစ်ပါတယ်။

သင့်ရဲ့အိပ်မက်တွေကို သူတစ်ပါးတွေနဲ့အတူ ဝေမျှပါဝင်လာစေတဲ့အခါ သင့်ရဲ့ရယူနိုင်မှုနဲ့ဖြစ်နိုင်ခြေတွေဟာ အကန့်အသတ်မရှိတော့တာ သင်တွေ့ရပါလိမ့်မယ်။ ပြီးတော့ မဖြစ်နိုင်ဘူးဆိုတဲ့ အရာတွေဟာ လက်တစ်ကမ်းကို ရောက်လာပါလိမ့်မယ်။

mgyoe.com

mgyoe.com


အချို့က လက်ခံနာယူကြလိမ့်မယ်။

သင့်ရဲ့အိပ်မက်ကို သင်လည်းယုံကြည်တယ်။ အောင်မြင်စွာလည်း ဝေမျှနိုင်ခဲ့တယ်ဆိုရင် အခြားလူတွေက သင့်ရဲ့အိပ်မက်တွေကို လက်ခံနာယူကြပါလိမ့်မယ်။ လူတွေက ကြီးကျယ်မြင့်မြတ်တဲ့ အိပ်မက်တွေရှိတဲ့ ခေါင်းဆောင်တွေနောက်ကို လိုက်ချင်ကြတယ်။ ဘယ်အချိန်မှာပဲဖြစ်ဖြစ် လူတွေဟာ သူရဲကောင်းကို ရှာဖွေကြပါတယ်။ သူရဲကောင်းအစစ်တွေဟာ အခြားသူတွေကို သူတို့နဲ့အတူ အောင်မြင်မှုဆီ ခေါ်ဆောင်သွားနိုင်တဲ့ခေါင်းဆောင်တွေပါ။ အဲဒီအရာတွေအားလုံးက သူတို့ရဲ့ အိပ်မက်တွေကနေ အစပြုခဲ့တာပါ။ မျှော်လင့်ချက်မရှိဘူးလို့တွေးတဲ့လူအတွက်တောင် မျှော်လင့်ချက်မရှိတဲ့ အခြေအနေဆိုတာ မရှိပါဘူး။

ဟုတ်ပါတယ်။ ကျွန်တော်မှာ အိပ်မက်တစ်ခုရှိတယ်။ အရာအားလုံးထက် ကြီးမြတ်တယ်။ ကမ္ဘာကြီးထက်ကြီးတယ်။ ဒါပေမဲ့ အဲဒါက တစ်ခုကနေပဲ စခဲ့တာပါ။ သင်ရော မလိုက်ပါချင်ဘူးလား။

* * *

## အိပ်မက်အတွက် လှုပ်ရှားပါ

အိပ်မက်တစ်ခုက သင့်ကို ရွေ့လျားဖို့လမ်းကြောင်းပြပြီး၊ သွားဖို့လမ်းကြောင်းနဲ့ ထိရမယ့်ပစ်မှတ်တွေကို ပြသပါတယ်။ သင် ခုထိ သင့်အိပ်မက်ကို ရှာမတွေ့နိုင်သေးဘူးဆိုရင် သင့်ဘဝမှာ အရေးကြီးတဲ့အရာအချို့ကို အချိန်နဲ့အမျှ လက်လွှတ်ဆုံးရှုံးနေရတယ်ဆိုတာကို သတိပြုမိပါစေ။ "သင်ဟာ ဘယ်ကိုသွားလို့သွားနေမှန်း မသိရင်၊ ဘယ်ကိုရောက်လို့ ရောက်မှန်း မသိဖြစ်နေပါလိမ့်မယ်"လို့ ယိုဂီဘာရာဆိုတဲ့ ပုဂ္ဂိုလ်က မှတ်ချက်ပြုခဲ့ပါတယ်။ ခုချိန်မှာစပြီး သင့်အိပ်မက်ကို ရှာဖွေသင့်ပြီလို့ သင် မထင်ဘူးလား။

mgyoe.com

mgyoe.com


သိပ်မကြာသေးခင်က တီဗွီအင်တာဗျူးတစ်ခုမှာ တောင်တက်သမားကို ဧဝရတ်တောင်ထိပ်ရောက်ဖို့ ကူညီပေးခဲ့တဲ့ နီပေါလမ်းပြကို အင်တာဗျူးတဲ့ အစီအစဉ်တစ်ခု ကြည့်လိုက်ရပါတယ်။

"သင်ဘာလို့လုပ်ဖြစ်ခဲ့တာလဲ"လို့ မေးခွန်းမေးသူက မေးလိုက်ပါတယ်။

"သူတို့တစ်ယောက်တည်းမလုပ်နိုင်တာကို ကူညီခဲ့တာပါ"လို့ လမ်းပြက ပြန်ဖြေပါတယ်။

"သင့်မှာ အန္တရာယ်တွေ၊ ဒီလောက်များတဲ့ကြားက ဘယ်လိုများ ကူညီဖို့ စိတ်ကူးရခဲ့တာလဲ"လို့ မေးခွန်းမေးသူက ထပ်မေးပါတယ်။

"အဲဒါတော့ ခင်ဗျားတောင်ထိပ်ကို တစ်ခါမှမရောက်ဘူးလို့ ခင်ဗျားအတွက် ထူးဆန်းနေတာပါ"လို့ လမ်းပြက ပြုံးပြီး ပြောလိုက်ပါတယ်။

ထိပ်ဆုံးသို့ခရီးထွက်ခြင်းမှာ အိပ်မက်တွေနဲ့ မဆုတ်မနစ် ကြိုးစားခြင်းတွေ ပါဝင်ပါတယ်။ သင့်ရဲ့ခရီးက ကြီးမြတ်လေ သင်ပိုပြီး တစိုက်မတ်မတ် မဆုတ်မနစ်လုပ်ရလေပါပဲ။ အောင်မြင်မှုခရီးလမ်းကို အဆုံးထိ လျှောက်ချင်တယ်ဆိုရင် သင့်ရဲ့အိပ်မက်ကို ရှာဖွေဖို့နဲ့ လက်တွေ့အကောင်အထည်ဖော်ဖို့ သင့်ကိုယ်သင် ကတိပြုရပါမယ်။ ကြီးကျယ်မြင့်မြတ်မှုတွေရဲ့ အလားအလာဟာ ကျွန်တော်တို့နဲ့ အတူရှိနေပါပြီ။ ကြီးကျယ်မြင့်မြတ်တဲ့ အောင်မြင်မှုရဲ့ အဓိကသော့ချက်ကို ကျွန်တော်တို့ အိပ်မက်တွေကို တည်ဆောက်ရင်း ရှာဖွေတွေ့ရှိပါလိမ့်မယ်။ "သင်ဟာ လမ်းမှန်ပေါ်မှာ ရောက်နေပါပြီ။"

mgyoe.com

mgyoe.com


## ဘယ်ကိုသွားချင်တာလဲ

သင့်ရဲ့ အောင်မြင်ခြင်းခရီးစဉ်ကိုစဖို့ ပထမဆုံးခြေလှမ်းက သင့်ရဲ့ အိပ်မက်တွေကို ရှာဖွေဖို့ပါ။ အောက်ပါအရာတွေကို အရိုးသားဆုံး ဖြေဖို့ ပိတ်ရက်မှာ အချိန် ၁ နာရီ၊ ၂ နာရီလောက် ဖြစ်ဖြစ်ပေးပါ။

၁။ အတိတ်

♦ သင့်ရဲ့အကြီးမားဆုံး ပါရမီသုံးခုက ဘာလဲ။

၁။ -----------------------

၂။ -----------------------

၃။ -----------------------

♦ သင့်ရဲ့အကျင့်စရိုက်ဆိုင်ရာ အားသာချက်က ဘာလဲ။

--------------------------------

♦ သင့်ဆီက အကျိုးကျေးဇူးဘာမှရစရာမရှိတဲ့လူတွေက ပြောတဲ့ သင့်ရဲ့ ကောင်းတဲ့အချက်က ဘာလဲ။

--------------------------------

♦ သင့်ကိုပြောင်းလဲစေတဲ့ သင့်ဘဝရဲ့အမှတ်တရ ထူးထူးဆန်းဆန်း အတွေ့အကြုံတစ်ခုက ဘာလဲ။

--------------------------------

♦ သင့်ရဲ့အကြီးမားဆုံး ဖြစ်ချင်စိတ်ဆန္ဒက ဘာလဲ၊ သင်အလုပ်ချင်ဆုံးက ဘာလဲ။

--------------------------------

♦ သင့်အသက်ကို ပေးနိုင်လောက်တဲ့အထိ သင့်အတွက် အရေးကြီးတာက ဘာလဲ။

--------------------------------

mgyoe.com

mgyoe.com

၂။ ပစ္စုပ္ပန်

♦ သင့်ရဲ့လက်ရှိပိုင်ဆိုင်မှုတွေကဘာလဲ။(ငွေ၊အချိန်၊လူ၊အခွင့်အရေး၊ စွမ်းရည်၊ ပညာရေး စသည်ဖြင့်)

၁။ ----------

၂။ ----------

၃။ ----------

၄။ ----------

၅။ ----------

၆။ ----------

၇။ ----------

၈။ ----------

၉။ ----------

၁၀။ ----------

♦ သင့်ရဲ့ ပိုင်ဆိုင်မှုတွေကို လက်လွှတ်(သို့)ရရှိလိုက်တဲ့ လက်ရှိ အဖြစ်အပျက်ကဘာလဲ။

--------------------------------------

♦ သင့်ရဲ့ ခုအခြေအနေနဲ့ပတ်သက်ပြီး ထူးခြားမှုကဘာလဲ။ (သင်နေတဲ့အရာ၊ သင့်အလုပ်၊ သင်သိတဲ့လူ စသည်ဖြင့်)

၁။ ----------

၂။ ----------

၃။ ----------

၄။ ----------

၅။ ----------

mgyoe.com

mgyoe.com


၃။ အနာဂတ်

သင့်ရဲ့အတိတ်နဲ့ ပစ္စုပ္ပန်ရဲ့ ရေစီးကြောင်းကို သင်သိချိတ်ဆက်ပြီးလောက်ပါပြီ။ ခုချိန်က သင့်ကိုယ်သင်မေးရမယ့်အချိန်ပါ။ ဖြစ်ချင်တာသာဖြစ်ရမယ်ဆိုရင် ဘာအဖြစ်ချင်ဆုံးလဲ။ သင့်အဖြေကို ဒီမှာချရေးလိုက်ပါ။

----------------------------------------

----------------------------------------

နောက်အခန်းတွေမှာ သင့်ရဲ့အိပ်မက်တွေဆီ ဘယ်လိုတဖြည်းဖြည်းချဉ်းကပ်သွားနိုင်မလဲဆိုတဲ့အကြောင်း ကျွန်တော်တို့ဆွေးနွေးကြပါမယ်။

❖

mgyoe.com

mgyoe.com

# အခန်း (၃)
# ဘယ်လောက်ဝေးဝေးသွားနိုင်သလဲ

အမေရိကနိုင်ငံသားတစ်ယောက်အနေနဲ့ လကမ္ဘာပေါ်ခြေချနိုင်မယ့် ပြိုင်ဆိုင်မှုမှ ရုရှားနိုင်ငံနဲ့ဖြစ်ခဲ့တဲ့ လကမ္ဘာပေါ် လူလွှတ်တင်ရေး အပြိုင်အဆိုင် ကြိုးပမ်းမှုတွေကို ကြုံတွေ့ခဲ့ရပါတယ်။ လကမ္ဘာပေါ်ကို လူသားတွေ ခြေချဖို့ဆိုတာ ဘယ်လိုမှမဖြစ်နိုင်တဲ့ကိစ္စလို့ ယုံကြည်ထားကြတယ်။ အဲဒီသံသယတွေကြားထဲကပင် ၁၉၆၉ ခုနှစ် ဇူလိုင်လ ၁၆ ရက်နေ့မှာ အပိုလိုသအာကာသယာဉ်ကို ကနေဒီအာကာသစင်တာရဲ့ ဒုံးစင် ၃၉ ကနေ လွှတ်တင်နိုင်ခဲ့တယ်။ နောက်လေးရက်အကြာမှာ နေး(လ်)အမ်း စထရောင်းနဲ့ ဘာ့(ပ်)(ဇ်)အော်နှင်ဂျူနီယာတို့ဟာ လကမ္ဘာပေါ်ကို ပထမဆုံးခြေချနိုင်ခဲ့တယ်။ လူသန်း ၅၀၀ က ကြည့်နေတဲ့မြင်ကွင်းမှာ အမ်းစထရောင်းဟာ ဖုန်မှုန့်တွေနဲ့ ပြည့်နှက်နေတဲ့ လကမ္ဘာရဲ့ မျက်နှာပြင်ပေါ်ကို ခြေချပြီး သူ့ရဲ့ကမ္ဘာကျော်စကားကို ပြောခဲ့တယ်။ "ဒါဟာ လူတစ်ယောက်ရဲ့ သာမန်ခြေလှမ်းလေးတစ်ခုပါပဲ။ ဒါပေမဲ့ လူသားထုရဲ့ သိပ်ကိုကြီးမားတဲ့ ခြေလှမ်းတစ်ခုတော့ ဖြစ်ပါတယ်။"

mgyoe.com

mgyoe.com


သူတို့အောင်မြင်နိုင်ခဲ့ကြပြီ။ ဒါပေမဲ့ ကံမကောင်းစွာဘဲ သမ္မတကနေဒီကတော့ အဲဒီမြင်ကွင်း ကို မြင်မသွားနိုင်ခဲ့ပါဘူး။

ဘယ်လောက်တောင် အံ့သြဖို့ကောင်းတဲ့အဖြစ်အပျက်ပါလဲ။ သင်ယုံကြည်ဖို့ ခက်ခဲပါလိမ့်မယ်။ ဒါပေမဲ့ တကယ်ပဲ ဖြစ်ပျက်သွားခဲ့ပါပြီ။ အချို့က လကမ္ဘာပေါ်မှာ မဟုတ်ဘဲ လျှို့ဝှက်စခန်းတစ်ခုမှာ ရိုက်ထားတဲ့ ဗီဒီယိုတစ်ခုလို့တောင် ငြင်းချက်ထုတ်ခဲ့တဲ့ လူတွေရှိပါတယ်။

"ကျွန်တော်တို့ရဲ့ ယုံကြည်ချက်နဲ့ ခံယူချက်ဟာ
ကျွန်တော်တို့ရဲ့ စွမ်းဆောင်ရည်ထက် သာလွန်သွားတဲ့အခါ
မဖြစ်နိုင်တာတွေတောင် တကယ်ဖြစ်လာနိုင်ပါတယ်။"

* * *

## သင့်ရဲ့ စိတ်ထားနဲ့ ခံယူချက်က
## သင့်ရဲ့ အမြင့်ပေကို ဆုံးဖြတ်မှာပါ

အထက်ပါ အဖြစ်အပျက်ဟာ ၁၉၆၁ ခုနှစ်ထဲက လကမ္ဘာနည်းပညာမှာ ရှေ့ရောက်နေတဲ့ ဆိုဗီယက်(ခုရုရှား)တွေကို အနိုင်ယူနိုင်ခဲ့တယ်ဆို မမှားပါဘူး။ သူတို့ အဲဒီအချိန်ထိ လကမ္ဘာပေါ်ကို လူတစ်ယောက်မှ မလွှတ်ရသေးဘူးလေ။ ဒါပေမဲ့ အဲဒီအဖြစ်အပျက်ဟာ စစ်အေးခေတ်ရဲ့ တွန်းအားကြောင့်တော့ မဟုတ်ပါဘူး။ ကျွန်တော်တို့ လကမ္ဘာပေါ် လူလွှတ်နိုင်ခဲ့တာ အဲဒီလိုလုပ်နိုင်မယ်လို့ ယုံကြည်လို့ပါ။ မျက်စိတစ်မှိတ်အတွင်းမှာပဲ သမ္မတကနေဒီရဲ့မိန့်ခွန်းဟာ လကမ္ဘာအိပ်မက်ကို တကယ်ဖြစ်နိုင်တယ်ဆိုတဲ့ လက်တွေ့ကျတဲ့ ရည်မှန်းချက်အဖြစ် ပြောင်းလဲနိုင်ခဲ့ပါတယ်။ အဲဒီတုန်းက ပိုင်ဆိုင်ထားတဲ့နည်းပညာအရ ခက်ခဲနိုင်ပေမဲ့ ကျွန်တော်တို့ စိတ်ဓာတ်နဲ့ ခံယူချက်တွေကို ပြုပြင်ပြီး ကောင်းကောင်း

mgyoe.com

mgyoe.com


လုပ်နိုင်ခဲ့ပါတယ်။ သင်တွေ့ပြီမို့လား ခံယူချက်နဲ့ စိတ်ဓာတ်က သင့်လုပ်နိုင်စွမ်းထက် အဆမတန်ကျော်လွန်နေတဲ့အခါ မဖြစ်နိုင်တာတွေ ဖြစ်လာနိုင်ပါတယ်ဆိုတာကိုလေ။

အဲဒါဟာ အိပ်မက်နဲ့ ခံယူချက်အမှန်နဲ့ ပေါင်းစပ်နိုင်တဲ့စွမ်းအားတစ်ခုပါပဲ။ သင့်မှာ အဲဒီနှစ်ခုထဲက တစ်ခုခုမရှိရင် သင်ဘယ်လိုမှဝေးဝေးရောက်နိုင်မှာ မဟုတ်ဘူး။ မြင့်မြင့်ရောက်နိုင်မှာ မဟုတ်ပါဘူး။

– အပေါင်းလက္ခဏာမပါတဲ့ ခံယူချက်နဲ့ အိပ်မက်ဟာ စိတ်ကူးယဉ်ခြင်းပါပဲ။
– စိတ်ပဲရှိပြီး ရည်ရွယ်ချက် အိပ်မက်မရှိတဲ့လူဟာလည်း လူတော်ပဲဖြစ်နိုင်ပြီး၊ တိုးတက်မှုမရှိနိုင်ပါဘူး။
– အိပ်မက်တစ်ခုနဲ့အတူ အပေါင်းလက္ခဏာဆောင်တဲ့ စိတ်ဓာတ်နဲ့ ခံယူချက်ရှိမှသာ လူသားတစ်ယောက်ဟာ အကန့်အသတ်မရှိတဲ့ ဖြစ်နိုင်ချေနဲ့အလားအလာတွေ ရရှိနိုင်မှာပါ။

အိပ်မက်ချည်းပဲ သက်သက်က အလုပ်မဖြစ်ပါဘူး။ ဒါ သင့်ရဲ့အမြင်နဲ့ ခံယူချက်က လိုအပ်တဲ့ဖြည့်စွက်ချက်တစ်ခုတင်မဟုတ်ပါဘူး။ ဉာဏ်ရည်မဟုတ် ပါရမီမဟုတ်၊ ပညာအရည်အချင်းမဟုတ်၊ စွမ်းဆောင်ရည်၊ အခွင့်အလမ်းမဟုတ်တဲ့ သင့်ရဲ့ခံယူချက်ဟာ သင့်ရဲ့ အိပ်မက်ကိုရဖို့ အဓိကနေရာမှာရှိနေပါတယ်။ သင့်ရဲ့အောင်မြင်မှုခရီးစဉ်မှာ ဘယ်လောက်ဝေးဝေးသွားနိုင်မလဲဆိုတာကို အဲဒီခံယူချက်က ဆုံးဖြတ်ပေးမှာပါ။

သင်ဟာ ဉာဏ်ကောင်းတယ်။ ပါရမီရှိတယ်။ ပညာတတ်တယ်။ အခွင့်အလမ်းလည်းရှိတယ်။ ပြီးတော့ အလုပ်နဲ့ပတ်သက်ပြီးလည်း တော်

mgyoe.com

mgyoe.com


တယ်ဆိုပေမဲ့ သင့်မှာ မှန်ကန်တဲ့ခံယူချက်နဲ့ စိတ်ထားမရှိရင် သင့်ရဲ့ အောင်မြင်မှုခရီးကို သင်ပျော်ရွှင်မှာမဟုတ်ပါဘူး။ မှန်ကန်တဲ့ခံယူချက် ရှိခြင်းဟာ ကမ္ဘာပေါ်က အရာရာကို ပြောင်းလဲစေပါတယ်။

လိုဝဲလ်ပီးကော့(တ်)က ဒီလိုပြောခဲ့ပါတယ်။

"ခံယူချက်နဲ့စိတ်ဓာတ်ဆိုတာ လူတစ်ယောက်အောင်မြင်ဖို့ ပထမဆုံးလိုအပ်တဲ့ အရည်အချင်းပါပဲ။ လူတစ်ယောက်ဟာ အကောင်းမြင်မယ်။ ကောင်းမွန်တဲ့ခံယူချက်ရှိမယ်။ ခက်ခဲတဲ့အခြေအနေတွေနဲ့ စိန်ခေါ်မှုတွေကို နှစ်သက်မယ်ဆိုရင် သူ့အောင်မြင်ဖို့ တစ်ဝက်သေချာနေပါပြီ"

* * *

ဒီကနေ့ သင်ဖြစ်နေတဲ့အခြေအနေနဲ့ သင်ရောက်နေတဲ့နေရာဟာ သင့်ခံယူချက်နဲ့ စိတ်ဓာတ်ရဲ့ အကျိုးရလာဒ်ပါပဲ

သင့်ရဲ့ခံယူချက်နဲ့စိတ်ဓာတ်ဟာ သင့်အနာဂတ်အတွက်တင် မဟုတ်ပါဘူး။ သင့်ရဲ့ အခုလက်ရှိအခြေအနေအတွက်လည်း အကျိုးသက်ရောက်မှုရှိပါတယ်။ သင်ခုလုပ်ရမယ့် ရွေးချယ်မှုတွေဟာ သင့်ခံယူချက်ရဲ့အကျိုးရလဒ်တွေပါ။ သင့်ရဲ့ခံယူချက်က သင့်ရဲ့လုပ်ရပ်ကို သတ်မှတ်ပါတယ်။ သင့်ရဲ့ လုပ်ရပ်က သင့်ရဲ့ရလဒ်ကို ဆုံးဖြတ်ပေးပါလိမ့်မယ်။ သင်အဲဒီအကြောင်းကို တွေးချင်မှလည်း တွေးချင်ပါလိမ့်မယ်။ ဒါပေမဲ့ သင်ဒီနေ့ဖြစ်နေတဲ့ အခြေအနေနဲ့ သင်ရောက်နေတဲ့နေရာဟာ သင့်ခံယူချက်နဲ့စိတ်ဓာတ်ရဲ့ အကျိုးဆက်ပါပဲ။

သင်မွေးကတည်းက အရာရာဟာ သင့်ရဲ့ထိန်းချုပ်မှု ပြင်ပကပါ။ သင့်ရဲ့မိဘတွေကို သင်မရွေးချယ်နိုင်ခဲ့ပါဘူး။ ဘယ်မှာမွေးမယ်၊ ဘယ်အချိန်မွေးမယ်ဆိုတာ မရွေးချယ်နိုင်ခဲ့ပါဘူး။ ဒါပေမဲ့ သင်အသက်ကြီးလာတဲ့ အခါ သင်ဆုံးဖြတ်ချက်တွေ စတင်ချမှတ်လာခဲ့ရပါပြီ။ ပြီးတော့

mgyoe.com

mgyoe.com


ဘဝမှာ ဘာဖြစ်လာမလဲဆိုတာနဲ့ပတ်သက်ပြီး သင့်မှာတာဝန်ရှိလာပါပြီ။ သင့်အသက်နှစ်ဆယ့်တစ်နှစ်ကျော်ပြီဆိုရင် သင့်ရဲ့ရွေးချယ်မှုနဲ့ သင့်ရဲ့ ခံယူချက်အတွက် သင့်မှာ လုံးလုံးတာဝန်ရှိနေပါပြီ။

ကျွန်တော်တို့ရဲ့ ရွေးချယ်မှုနဲ့ ကျွန်တော်တို့ရဲ့ ခုအခြေအနေနဲ့ ပတ်သက်လို့ သမ္မတအေဘရာဟင်လင်ကွန်းရဲ့ ရယ်စရာဟာသပုံပြင် တစ်ပုဒ်ကို ဖတ်ဖူးပါတယ်။ လင်ကွန်းရဲ့အကြံပေးတစ်ယောက်က လူ တစ်ယောက်ကို သူရဲ့အစိုးရအဖွဲ့အတွက် အကြံပေးပါတယ်။ လင်ကွန်း က သဘောမတူပါဘူး။ "ငါဒီလူရဲ့မျက်နှာကို မကြိုက်ဘူး"လို့ဆိုပြီး ပြောပါတယ်။

"ဒါပေမဲ့ဆရာ၊ သူ့မျက်နှာပုံရိပ်အတွက် သူ့မှာတာဝန်မရှိဘူးလေ" လို့ အကြံပေးက ပြန်ပြောပါတယ်။

လင်ကွန်းပြန်ပြောတာက "ငါတို့ကို အသက်လေးဆယ်ရောက်နေ တဲ့ လူတွေအတွက်တော့ မိမိမျက်နှာသွင်ပြင်အပေါ်လည်း တာဝန်ရှိတယ် ကွ"လို့ ပြန်ပြောခဲ့ပါတယ်။

သင်ဘာလဲဆိုတာနဲ့ သင်ဘာတွေးနေလဲဆိုတာကို သင့်မျက်နှာမှာ ဖတ်ရှုနိုင်ပါတယ်။ သင့်ကိုယ်သင် မှန်ထဲကြည့်လိုက်လို့ သင့်မျက်နှာမှာ အဆင်မပြေတဲ့ အရာတစ်ခုခုတွေ့ပြီဆိုရင် သေချာတယ်။ အဲဒါဟာ သင့်စိတ်ဓာတ်နဲ့ ခံယူချက်ရဲ့ ပုံရိပ်ပါပဲ။

* * *

## သင့်ရဲ့ ခံယူချက်ကတော့ ရွေးချယ်လို့ရပါသေးတယ်

ခံယူချက်နဲ့စိတ်ဓာတ်မကောင်းတဲ့လူတွေဟာ သူတို့ကိုယ်သူတို့ ထက် တစ်စုံတစ်ရာကို ဆင်ခြေပေးလေ့ရှိပါတယ်။ သူတို့ရဲ့ပြဿနာတွေ အတွက်ပေါ့။ ဒါပေမဲ့ သင့်ကိုယ်သင်ကလွဲလို့ သင်ဘယ်သူကိုမှ အပြစ်

mgyoe.com

mgyoe.com


တင်ခွင့်မရှိပါဘူး။ အဲဒါဟာ သင့်ကို ပြင်ပအခြေအနေက လွှမ်းမိုးတာ မဟုတ်ပါဘူး။ သင့်စိတ်ထဲမှာ ဘာဖြစ်နေလဲဆိုတာကပဲ အရေးကြီးတာပါ။ သင့်ရဲ့ခံယူချက်နဲ့ စိတ်ဓာတ်ဟာ အောက်ပါအရာတွေအပေါ် အခြေမခံပါဘူး။

♦အခြေအနေ – သင့်ကိုဘာကဖြစ်စေတာလဲဆိုတာ သင်ထိန်းချုပ်လို့ မရနိုင်ပါဘူး။ ဒါပေမဲ့ အဲဒီအခြေအနေအပေါ် သင့်ရဲ့ တုံ့ပြန်မှုအတွက်တော့ သင့်မှာ တာဝန်အပြည့်အဝရှိပါတယ်။

♦အတိတ် – အတိတ်ဆိုတာ ပြီးခဲ့ပါပြီ။ သင်လည်း ဘာမှ လုပ်လို့မရတော့ပါဘူး။ အဲဒီအတိတ်နဲ့ လက်ရှိတိုးတက်မှုကို ဝင်ရောက်မစွက်ဖက်ပေဖို့လည်း သင့်မှာပဲ တာဝန်ရှိပါတယ်။

♦အကန့်အသတ်တွေ– လူတိုင်းက အကန့်အသတ်တွေ၊ အခက်အခဲတွေနဲ့ ရင်ဆိုင်ရနိုင်ပါတယ်။ ဒါပေမဲ့ အကန့်အသတ်ဆိုတာ သင့်အတွက် လမ်းညွှန်ချက်ပဲ ဖြစ်သင့်ပါတယ်။ သင့်ကို ရပ်ဆိုင်းပေးမဲ့ မီးနီတစ်ခု မဖြစ်သင့်ပါဘူး။ သူတို့ဟာ သင့်ရဲ့ ခရီးကို လမ်းပြခဲ့သူ၊ လမ်းညွှန်မဲ့သူတွေပဲ ဖြစ်သင့်ပါတယ်။ သင့်ရဲ့ ခရီးကို တားဆီးပိတ်ပင်မဲ့သူတွေ မဖြစ်ရပါဘူး။

♦အခြားလူတွေ – သင်ဒီနေ့လုပ်တဲ့ ရွေးချယ်မှုအတွက် သင့်အပြင်ဘယ်သူ့မှာမှ တာဝန်မရှိပါဘူး။ သင်အတိတ်မှာ နာကျင်ရင်နာကျင်မယ်။ အနိုင်

mgyoe.com

mgyoe.com

ကျင့်ခံရင်ခံခဲ့ရပါလိမ့်မယ်။ ဒါပေမဲ့ အဲဒါတွေ
ကို ကျော်လွှားဖို့ဆိုတာ သင့်တာဝန်ပါ။ သင်
တစ်ယောက်တည်းပဲ အဲဒါကို တတ်နိုင်တာပါ။

အမှန်တရားတစ်ခုက လူတစ်ယောက်ဟာ ဘယ်လောက်ဆိုးတဲ့ အခြေအနေမှာပဲဖြစ်ဖြစ် အကောင်းမြင်စိတ်ထားလို့ရသလို ဘယ်လောက်ကောင်းတဲ့ အခြေအနေမှာပဲဖြစ်ဖြစ် အဆိုးမြင်စိတ် ဖြစ်ပေါ်နိုင်တယ်ဆိုတာပါပဲ။ ဒါကြောင့် အရာရာဟာ သင့်ရဲ့ခံယူချက်သာ အဓိကဆိုတာ သင်သဘောပေါက်လာမှာပါ။

သင် ရှာဖွေတွေ့နိုင်တဲ့အထဲ အကြီးအကျယ် အမြင့်မြတ်ဆုံးရှာဖွေတွေ့ရှိမှုက သင့်ကိုယ်သင် ပြောင်းလဲနိုင်တယ်ဆိုတာကို ရှာဖွေတွေ့ရှိခြင်းပါပဲ။ မနေ့က သင်ဘာပဲဖြစ်ခဲ့ဖြစ်ခဲ့၊ အတိတ်ကသင့်ရဲ့ အဆိုးမြင်ဝါဒတွေ ဘယ်လောက်ပဲရှိခဲ့ရှိခဲ့၊ သင့်ဟာ ဒီနေ့မှာ ပိုပြီးအကောင်းမြင်ဖို့ ကြိုးစားနိုင်ပါတယ်။ အဲဒါဟာ သင့်ရဲ့အလားအလာနဲ့ သင့်ရဲ့ဘဝကို ထူးထူးခြားခြား ပြောင်းလဲစေပါလိမ့်မယ်။

* * *

## သင့်ရဲ့ခံယူချက်က သင်ဒီခရီးကို ဘယ်လိုချဉ်းကပ်သလဲဆိုတာကို သတ်မှတ်ပေးပါတယ်

လွန်ခဲ့တဲ့နှစ်ပေါင်းများစွာအကြာက ဆန်ဖရန်စစ္စကိုမြို့က ကျောင်းတစ်ကျောင်းမှာ စမ်းသပ်မှုတစ်ခုလုပ်ခဲ့ပါတယ်။ တစ်နေ့တော့ ကျောင်းအုပ်ဆရာကြီးက သူ့ကျောင်းက ဆရာသုံးယောက်ကိုခေါ်ပြီး "မင်းတို့ဟာ ဒီကျောင်းမှာထူးချွန်တဲ့ဆရာတွေပဲ၊ ဒါကြောင့်မင်းတို့ကို ဉာဏ်ရည်မြင့်တဲ့ ကျောင်းသားအယောက် ၉၀ ပေးမယ်။ ဒီနှစ်ကုန်မှာ သူတို့ တိုးတက်

mgyoe.com

mgyoe.com


နေတာကို မြင်ချင်တယ်"လို့ ခေါ်ပြောပါတယ်။ ဒီလိုနဲ့နှစ်ကုန်တဲ့အခါ ကျောင်းသားတွေဟာ ၂၀ ရာခိုင်နှုန်းကနေ၊ ၃၀ ရာခိုင်နှုန်းထိ တိုးတက်လာတာကို တွေ့ရပါတယ်။ နောက်ပြီး အဲဒီနယ်မြေက အခြားကျောင်းသားတွေထက်လည်း တိုးတက်မှုနှုန်းမြန်တာကို တွေ့ရပါတယ်။

အဲဒီစာသင်နှစ်အဆုံးမှာ ကျောင်းအုပ်ကြီးက ဆရာသုံးယောက်ကို ထပ်ခေါ်လိုက်ပြီး "မင်းတို့ကို ငါဝန်ခံစရာတစ်ခုရှိတယ်။ မင်းတို့ကို ပေးလိုက်တဲ့ ကျောင်းသားတွေဟာ တကယ်တော့ ကျပန်းရွေးပေးလိုက်တာပါ။ ဉာဏ်ရည်မြင့်မှန်း၊ မမြင့်မှန်း ငါလည်း မသိပါဘူး။ နောက်တစ်ခုဝန်ခံစရာက မင်းတို့ဟာလည်း အတော်ဆုံးဆရာတွေ မဟုတ်ပါဘူး။ ငါတို့ဒီလိုပဲ ရွေးချယ်လိုက်တာပါ။ ဒါပေမဲ့ခုတော့ မင်းတို့သိပ်တော်တဲ့ ဆရာတွေဖြစ်ခဲ့ကြပါပြီ"လို့ ပြောခဲ့ပါတယ်။

အဲဒါဆိုရင် တကယ်မတော်တဲ့ကျောင်းသားတွေနဲ့ တကယ်မတော်တဲ့ဆရာတွေဟာ ဘယ်လိုများအထက်ပါရလဒ်ကြီးကို ဖြစ်မြောက်အောင် လုပ်ခဲ့တာပါလိမ့်။ အဖြေက သူတို့ရဲ့ခံယူချက်တွေပါပဲ။ ကျောင်းသားတွေရော၊ ဆရာတွေရော သူတို့ကိုယ်သူတို့ ယုံကြည်ပြီး အကောင်းမြင်စိတ်နဲ့ ကြိုးစားခဲ့ကြလို့ပါ။ သူတို့လုပ်နိုင်မယ်ဆိုတာ ကောင်းကောင်းယုံကြည်တဲ့အတွက် သူတို့ကောင်းကောင်းစွမ်းဆောင်နိုင်ခဲ့ကြပါတယ်။

"သင်ဘယ်လိုတွေးလဲဆိုတာက
သင့်ရဲ့အောင်မြင်မှုခရီးကို
သင်ဘယ်လိုချဉ်းကပ်သလဲဆိုတာကို
သတ်မှတ်ပေးပါတယ်"

သင့်ဘဝအပေါ် သင့်ရဲ့ခံယူချက်ဟာ သင့်ရဲ့ဘဝကိုဖြစ်စေပါ

mgyoe.com